ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်၊ တနင်္ဂနွေနေ့၊ (22-1-2012) (၇ထ၂)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်
ဇောင်းတူရေသွယ်မြောင်း တိုးချဲ့တူးဖော်ခြင်းလုပ်ငန်းနှင့် ဒဂုံမြို့သစ် စံပြစိုက်ပျိုးရေးအထူးဇုန် ကြည့်ရှုစစ်ဆေး

ရန်ကုန်　ဇန်နဝါရီ　၂၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယမန်နေ့တွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဝါးကတုတ်ရေလှောင်တမံသို့ရောက်ရှိပြီး ဇောင်းတူ ရေသွယ်တူးမြောင်းနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရေးအတွက် တစ်ပြိုင်တည်း တည်ဆောက်လျက်ရှိသော ကိုဒူကွဲရေလှောင်တမံစီမံကိန်း၊ စလူရေလှောင်တမံစီမံကိန်း၊ ရွှေလောင်းရေလှောင်တမံစီမံကိန်းအပါအဝင် ရေထုတ်စနစ်ကောင်းမွန်ရေးအတွက် တည်ဆောက်အကောင်အထည်ဖော်နေသော ရေနုတ်မြောင်းစနစ်အားလုံးတို့ကို စီမံကိန်းရည်မှန်းချက်နှင့်အညီ ယခုပွင့်လင်းရာသီအချိန်မီပြီးစီးရေး တည်ဆောက်အကောင်အထည်ဖော်သွားရန်နှင့် ရေမြောင်းစနစ်များ၏ ဝဲ၊ ယာအတွင်း ကျေးလက်နေပြည်သူများအတွက် ကျေးရွာချင်းဆက်လမ်းများအဖြစ် အသုံးပြုနိုင်ရန်တို့ကို တစ်ပြိုင်တည်းအကောင်အထည်ဖော်ပေးသွားရန် ဆွေးနွေးမှာကြား၍ ဝါးကတုတ်ရေလှောင်တမံ၏ ဆည်ရေလက်ကျန်အခြေအနေနှင့် ဇောင်းတူ တူးမြောင်း မူလပေ ၂၀ မှ ပေ ၄၀ အကျယ်သို့ တိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ဒဂုံမြို့သစ် အဆင့်မြင့် စက်မှုလယ်ယာစနစ် စံပြစိုက်ပျိုးရေးအထူးဇုန် ဧက ၁၀၀၀၀ စိုက်ခင်း၌ ဖိလစ်ပိုင်မျိုး ပုလဲသွယ်စပ်မျိုးစပါး ၇၃ ရက်သား သက်တမ်းရှိ ဧက ၁၀၀ စိုက်ခင်း ဖြစ်ထွန်းအောင်မြင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အဆင့်မြင့်စက်မှုလယ်ယာ

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် အဆင့်မြင့်စက်မှုလယ်ယာစနစ် စံပြစိုက်ပျိုးရေးအထူးဇုန် ဧက ၁၀၀၀၀ စိုက်ကွင်း သိပ္ပံနည်းကျပေါင်စနစ်ဖြင့် ပျိုးထောင်ထားသော ပျိုးခင်းများကို ကြည့်ရှုစစ်ဆေးသည်။

အရေးကြီးသောလုပ်ငန်း

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဤမျိုးစေ့ထုတ်ဧက ၃၀၀ စိုက်ကွင်းသည် နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် အရေးကြီးသောလုပ်ငန်းတစ်ရပ်ဖြစ်သည်နှင့်အညီ ပညာရှင်များအနေဖြင့် ညီညီညွတ်ညွတ် ပူးပေါင်းအကောင်အထည်ဖော်သွားရန် လိုကြောင်း၊ တောင်သူလယ်သမားများအတွက် ထိရောက်သောအကျိုးကျေးဇူး ဖြစ်ထွန်းရရှိစေမှု အလားအလာများအပေါ် တွက်ချက်စီမံ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အင်တာနက် သတင်း | ဘာသာပြန် - တက်လူ

ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ခေါင်မိုးဥယျာဉ် ထူထောင်မည်

ဘာလင်　ဇန်နဝါရီ　၂၁

ဂျာမနီနိုင်ငံ ဘာလင်မြို့ရှိ စက်ရုံကြီးတစ်ရုံ၏ ခေါင်မိုးပေါ်၌ စိုက်ပျိုးမွေးမြူရေးခြံများ ထူထောင်သွားနိုင်ရန် ရှေ့ပြေးစီမံကိန်းတစ်ရပ်ကို စတင်အကောင်အထည်ဖော်လျက်ရှိကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး သိပ္ပံပညာရှင်များက ဇန်နဝါရီ ၂၁ ရက်တွင် ပြောကြားကြသည်။

ဒေသခံ ပြည်သူများအတွက် စားနပ်ရိက္ခာများ ထုတ်လုပ်ပေးနိုင်ရန် မြို့ပြ ခေါင်မိုးဥယျာဉ်များနှင့် ငါးမွေးမြူရေးကန်များကို ထူထောင်သွားမည်ဖြစ်ကြောင်း ခေါင်မိုးဥယျာဉ် ထူထောင်ရေး အဖွဲ့မှ သုတေသီ ဖရက်ရှ်က ပြောကြားသည်။ ရှေ့ပြေး စီမံကိန်းတစ်ရပ်အဖြစ် ဘာလင်မြို့ရှိ ထုထည်ကြီးမားလှသော စက်ရုံဟောင်းတစ်ခု၏ ခေါင်မိုးပေါ်တွင် စိုက်ပျိုးမွေးမြူရေးခြံများကို တည်ဆောက်လျက်ရှိသည်။ **စာမျက်နှာ ၅ ကော်လံ ၅ သို့**

ဒေသခံပြည်သူများအတွက် စားနပ်ရိက္ခာရရှိရန် ခေါင်မိုးဥယျာဉ်ပေါ်တွင် စိုက်ပျိုးထုတ်လုပ်သွားမည် ဖြစ်သည်။

ယနေ့သတင်းအညွှန်း

စင်ကာပူချန်ဂီလေဆိပ်၌ ခရီးသည်ဝင်၊ ထွက်မှု စံချိန်တင်

နိုင်ငံတကာသတင်း စာမျက်နှာ ၄

နိုင်ငံခြားခရီးသွားဧည့်သည်များ မန္တလေးမြို့ ဂေါဝိန်ဆိပ်ကမ်းမှ တစ်ဆင့် သင်္ဘောဖြင့် ပုဂံ-ညောင်ဦးဒေသသို့ သွားရောက်လည်ပတ်လေ့လာမှု များပြား

ပြည်တွင်းသတင်း စာမျက်နှာ ၇

ကြေးမုံစာတည်းရှုထောင့် ၂၂-၁-၂၀၁၂[တနင်္ဂနွေနေ့]။

ပုန်းလျှိုးပျောက်ကွယ်အကြွေနယ်

အကြွေစလေးများသည် တန်ဖိုးနည်းသော်လည်း သုံးစွဲမှုနယ်ပယ်ကျယ်ဝန်းလှသည်။ အခြေခံလူတန်းစားနှင့် အသေးစားရောင်းဝယ်မှုလုပ်ငန်းများတွင် များစွာအကျိုးသက်ရောက်သည်။ ထို့ထက်မက နွမ်းပါးသူအတွက် အထောက်အကူပြုခြင်း၊ ဈေးနှုန်းအတွက် နှုန်းစံပြုခြင်းတို့ကို ဖြစ်စေသည်။ သို့သော် အကြွေစလေးများမှာ ပုန်းလျှိုးပျောက်ကွယ်နေပြီ။ နွမ်းပါးသူများအား ဥပေက္ခာပြု၍ ချမ်းသာသူများဘက် လိုက်ခဲ့သည်။

အကြွေစလေးများ ဘယ်ဆီသို့ ရောက်သွားပါသနည်း။ အဖြေရှာကြည့်လျှင် သိနိုင်ပါသည်။ ထိုအကြွေစလေးများသည် နိုင်ငံတော်က တရားဝင်ထုတ်ဝေထားသော အကြွေစလေးများသာဖြစ်သည်။ ထိုအကြွေစလေးများမှာ တန်ဖိုးမရှိ၍၊ သုံးစွဲမှုမဝင်၍ ပျောက်သည်ဆိုလျှင် မှားသည်ဟုဆိုချင်ပါသည်။ ထိုအကြွေစပျောက်သည့်အဖြစ်မှာ နှစ်အနည်းငယ်ကြာပြီဖြစ်သည်။ နိုင်ငံတော်က ထိုအခက်အခဲကိုပြေလည်စေရန် ငွေအကြွေဘီလျံနှင့်ချီ၍ ထုတ်လဲပေးခဲ့သည်။ ထိုငွေစများ ဘယ်ဆီသို့ ရောက်သွားလေသနည်း။

တန်ဖိုးတွက် ဂဏန်းများသတ်မှတ်ရာတွင် ဒသမနောက် ဂဏန်းငယ်ဆယ်ခုပြည့်မှသာ ခု ဆယ် ရာ ဂဏန်းသို့တက်လှမ်းရပါသည်။ ယနေ့ကျွန်ုပ်တို့နိုင်ငံ၏ အရောင်းအဝယ်တန်ဖိုးတွက်ရာ၌ ဒသမနောက် ဂဏန်းကို မဆိုနှင့် ခု ဆယ် ဂဏန်းကိုပင် တန်ဖိုးထည့်မတွက်တော့ပါ။ ထိုအခါ တန်ဖိုးမဝင်လို့ပါဟု ဆိုပါဦးမည်။ ကုန်ပစ္စည်းတန်ဖိုးများကို တွက်ချက်ရာတွင် ကုန်ကျမှုတန်ဖိုး၏ ပျမ်းမျှကိုရှာ၍ တွက်ချက်ရာ ဒသမနောက်မှစ၍ ခု ဆယ် ရာ တန်ဖိုးဖြင့် တွက်ချင့်ရမည်ဖြစ်သည်။ သို့ရာတွင် ရာဖြတ်သာဖြတ်ကြသည်ချည်းပင်။

ထို့ကြောင့် ရောင်းကုန်တန်ဖိုးမှာ ရောင်းသူစိတ်ကြိုက်မြင့်တက်၍ လာပါသည်။ တစ်ချိန်သောကာလက ကုန်ပစ္စည်းများအားလုံးကို ပြားဂဏန်းမှနေ၍ တွက်ချက်ကြရာ ပြားဂဏန်းများမှာ တန်ဖိုးရှိလာကြပါသည်။ ယနေ့ကာလ နိုင်ငံတကာ၌ ငွေကြေးသုံးစွဲရာတွင် အစွန်းထွက်အကြွေစေ့လေးများကို သုံးစွဲလျက်ရှိရာ ငွေကြေးတန်ဖိုးရှိသည့်အပြင် ဈေးနှုန်းခုန်ပျံကျော်လွှားမှုလည်း နည်းပါးစေပါသည်။

ယနေ့ ပေးသူ၊ ဝယ်သူ ပို၍ရင်နာဖွယ်ကောင်းသည့်အချက်မှာ အကြွေစလေးများအစား အစားထိုးပစ္စည်းများဖြင့် ဖလှယ်လာသည့် ဖြစ်ရပ်များပင်ဖြစ်သည်။ ကောင်းမွန်သည့် လူမှုစီးပွားစနစ်တစ်ရပ်သို့ ရောက်ရှိနေပြီဖြစ်သော်လည်း ငွေတန်ဖိုးအစား ကုန်ပစ္စည်းနှင့် ဖလှယ်သည့် ကျောက်ခေတ်သို့ ပြန်သွားသည်ဟု ထင်မှတ်ရသည်။ ငွေဖြင့် ပေးခြင်းကို ငွေပြန်မပေးဘဲ ကုန်ပစ္စည်းပြန်ပေးခြင်းသည် ခေတ်နောက်ပြန်သွားခြင်းလည်း မည်ပေသည်။ လူ့ဂုဏ်သိက္ခာစော်ကားခြင်းနှင့်လည်း တူပေမည်။ “လူတစ်ယောက်အား ထိုသူအတွက် ပြန်ပေးလိုက်ခြင်းသည် အသိတရား Obligation ထက် ပိုမိုသာလွန်သည်။ အထူးအခွင့်အရေး Privilege တစ်ရပ်လည်းဖြစ်သည်” ဟု ပညာရှင်များက ဆိုထားပါသည်။

ရေစက်တို့သည် ကျဖန်များသောအခါ ကန်ရေမှာပြည့်သကဲ့သို့၊ နှမ်းတစ်စေ့ဖြင့် ဆီမဖြစ်သော်လည်း နှမ်းစေ့ပေါင်းများစွာ ဖြစ်လာသောအခါ ဆီအိုးကြီးဖြစ်လာသကဲ့သို့ ငွေတစ်ကျပ်တစ်ပြားသည် တန်ဖိုးအားဖြင့်နည်းပါးသော်လည်း ငွေတစ်ကျပ်ပေါင်းများစွာ ဖြစ်လာသောအခါ တန်ဖိုးကြီးသော ငွေပမာဏဖြစ်လာလေသည်။

ထိုငွေပမာဏဖြင့် ချမ်းသာသောသူကြွယ်ကြီးများ ဖြစ်လာသည့် သာဓကများစွာရှိသည်။ မြန်မာနိုင်ငံရှိ ရှေးရှေးသူကြွယ်များသည် မူးစုပဲစုဖြင့် ချမ်းသာကြွယ်ဝသူများ ဖြစ်သည်။ ချွေတာစုဆောင်းခြင်းသည် နေ့စဉ်အနည်းငယ်မျှ စုဆောင်းလာခဲ့ခြင်းဖြင့် ကြာမြင့်သောအခါ များပြားသော ငွေပမာဏဖြစ်ပြီး သူဌေးလောင်းဖြစ်သွားခြင်းဖြစ်သည်။

ဆိုလိုသည်မှာ တစ်ကျပ်တစ်ပြားသောငွေသည် တန်ဖိုးပင်နည်းသော်လည်း ထိုငွေကို တန်ဖိုးထားပါက တန်ဖိုးရှိသောငွေဖြစ်လာမည်ကို အသိပေးလိုခြင်းဖြစ်သည်။ ဆင်းရဲမှုများလာခြင်းနှင့် ငွေတန်ဖိုးကြီးခြင်းတို့သည် အညမညဖြစ်သည်။ ငွေကိုတန်ဖိုးရှိရှိမသုံးနိုင်လေ ဆင်းရဲတွင်းနက်လေဖြစ်မည်။ ထို့ကြောင့် မိမိတို့၏ကိုယ်ကျိုးစီးပွားထက် အများပြည်သူတို့၏ အကျိုးစီးပွားကိုရည်မျှော်ကာ တန်ဖိုးရှိသော ငွေအကြွေစလေးများကို တန်ဖိုးရှိရှိသုံးစွဲနိုင်ရန် ဝိုင်းဝန်းကြံဆောင်ကြဖို့လိုပြီ ဖြစ်ပါသည်။ ။

ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၁

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၁၇ ရက် နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဝန်ကြီးချုပ်၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး တိုင်းဒေသကြီးအတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(ဓါတ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်စိုး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဦးဝင်းကိုကို၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနဝန်ကြီး ဦးလှခိုင်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအေးကျော်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၂-၁-၂၀၁၂ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၄ ၁။ နိုင်ငံတော်သီချင်း
၇:၀၅ ၂။ တရားတော်
၇:၁၅ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာ့ရှုခင်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၁။ ဇာတ်လမ်းတို

နေ့လယ်ပိုင်း

၁၁:၀၄ ၁။ နိုင်ငံတော်သီချင်း
၁၁:၀၅ ၂။ အဖွင့်သီချင်း
၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁:၁၅ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
၁၁:၂၀ ၅။ **ကာတွန်းအစီအစဉ် -ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရုပ်ကလေးများ (အပိုင်း-၂၄)**
၁၁:၅၀ ၆။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -ရင်ခုန်သံစည်းချက်လေး**
၁၂:၄၀ ၇။ ကျန်းမာသုတ
၁၂:၅၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၁:၀၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောနှလုံးသား (အပိုင်း-၅၃)**

ညပိုင်း

၄:၀၂ ၁။ နိုင်ငံတော်သီချင်း
၄:၀၃ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄:၂၀ ၅။ မှတ်တမ်း
၄:၃၀ ၆။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄:၃၅ ၇။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၄:၅၀ ၈။ ရန်သူမီး
၅:၀၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၃၀ ၁၀။ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၃။ ဘဝကြေးမုံ -သုံးပန်လှသက်လှယ်(၃) (ပိုင်ဇေရဲထွန်း၊ လင်းဇာနည်ဇော်၊ ဝါဝါအောင်နှင့်သရုပ်ဆောင်များ) [ဒါရိုက်တာ-ဆဲဗင်း(အိုင်စီ)] (ဇာတ်သိမ်း)
၆:၅၀ ၁၄။ ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်ခွန်းဖွဲ့သီချစ်သူဆီ (အပိုင်း-၄၄)**
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ ယနေ့ရန်ကုန်မြင်ကွင်းစုံ
၂၁။ ပဟေဠိနန်းတော်
၂၂။ ကျန်းမာသုတ
၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အချစ်ကြီးချစ်(အပိုင်း-၇)**
၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၁၁၅)**

လူငယ်သင်တန်းကျောင်းများသို့ အလှူငွေနှင့် စာရေးကိရိယာများ လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၁

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့က ကြီးမှူး၍ အမျိုးသမီးကလေးသင်တန်းကျောင်းမှ ကျောင်းသူ ၁၀ ဦး၊ ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းမှ ကျောင်းသား နှစ်ဦးနှင့် ကြည့်မြင်တိုင် မျက်မမြင်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ခုနစ်ဦးတို့အတွက် အလှူငွေနှင့် စာရေးကိရိယာများလှူဒါန်းပွဲကို ဇန်နဝါရီ ၁၈ ရက်တွင် ရန်ကုန်မြို့ မလိခလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးကလေးများကျောင်း၌ ကျင်းပသည်။**(ယာပုံ)**

လှူဒါန်းပွဲတွင် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်ခင်မေစိုးက တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူ ၁၂ ဦးနှင့် မျက်မမြင်ကျောင်းသား၊ ကျောင်းသူ ခုနစ်ဦးတို့အတွက် ငွေကျပ် ၇၅၅၀၀ တန်ဖိုးရှိ လက်ပတ်နာရီများကိုလည်းကောင်း၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့ခွဲ အဖွဲ့ဝင် ဒေါ်ဖြူသန့်ပိုင်က ငွေကျပ် ၄၈၄၀၀ တန်ဖိုးရှိ ဗလာစာအုပ်နှင့် စာရေးကိရိယာများ၊ မျက်မမြင်ကျောင်းသား၊ ကျောင်းသူ ခုနစ်ဦးတို့အတွက် ငွေကျပ် ၁၄၀၀၀ နှင့်အဖွဲ့ဝင် ဒေါ်မေဖူးပွင့်စိုးက ငွေကျပ် ၂၀၀၀၀ တန်ဖိုးရှိ ဖြည့်စွက်အာဟာရ ခေါက်ဆွဲခြောက်များကိုလည်းကောင်း၊ လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲမှ ငွေကျပ် ၃၇၀၀၀ တန်ဖိုးရှိ ဗလာစာအုပ်များ၊ စာရေးကိရိယာများနှင့် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းအဖွဲ့ခွဲမှ အဖွဲ့ခွဲခေါင်းဆောင် ဒေါ်သွဲ့သွဲ့ဝင်းက ငွေကျပ် ၅၄၀၀၀ တန်ဖိုးရှိ အလှူငွေနှင့် စာရေးကိရိယာများကို လည်းကောင်း သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လှိုင်မြို့နယ် အမှတ်(၃၀) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၄ ရက်က ကျင်းပရာ မြို့နယ်အဆင့် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲတွင် ပထမဆုရရှိသော စတုတ္ထတန်းမှ မောင်ကျော်မင်းထက်အား မြို့နယ်ပညာရေးမှူး ဦးထန်းရှင်မုန် ဆုချီးမြှင့်စဉ်။
(ကြေးမုံ)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၁ - ၁ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၁. ၅၀၀၀	၀. ၀၃၁၇၅
တရုတ် (ယွမ်)	၆. ၃၃၃၀၀	၀. ၁၅၇၉၀
အိန္ဒိယ (ရူပီး)	၅၀. ၂၂၅၀	၀. ၀၁၉၉၁
မလေးရှား (ရင်းဂစ်)	၃. ၁၀၅၀၀	၀. ၃၂၂၀၆
စင်ကာပူ (ဒေါ်လာ)	၁. ၂၇၁၂၀	၀. ၇၈၆၆၆
ဂျပန် (ယန်း)	၇၇. ၀၁၀၀	၀. ၀၁၂၉၉
တောင်ကိုရီးယား(ဝမ်)	၁၁၃၂. ၉၀	၀. ၀၀၀၈၈
ယူရို	၀. ၇၇၂၉၈	၁. ၂၉၃၇၀
ဗြိတိသျှ (ပေါင်)	၀. ၆၄၂၁၄	၁. ၅၅၇၇၀

အင်တာနက်။

ကျိုင်းတုံမြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသရုပ်ပြ ဟောပြောပို့ချ

ကျိုင်းတုံ ဇန်နဝါရီ ၂၁

ကျိုင်းတုံမြို့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သရုပ်ပြဟောပြောပို့ချခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၀ ရက် တွင် ကျိုင်းတုံမြို့ အထက(၂)ခန်းမ၌ ကျင်းပရာ တောင်ကြီးယာဉ်ထိန်းဌာနတာဝန်ခံ ဒုတိယရဲမှူး တင့်စိုးရှိန်၊ ကျိုင်းတုံ ယာဉ်ထိန်းဌာန တာဝန်ခံ ဒုတိယရဲမှူး အေးလွင်၊ တောင်ကြီး ယာဉ်ထိန်းဌာနမှ ရဲအုပ်မြင့်အောင်နှင့် ကျိုင်းတုံ ကညနမှ ယာဉ်မောင်း စစ်ဆေးရေးမှူး ဦးအောင်မိုးတို့က တစ်နိုင်ငံလုံး သုံးနှစ်အတွင်း ယာဉ်မတော်တဆမှု၊ ရှမ်းပြည်နယ်အတွင်း ယာဉ်မတော်တဆမှုများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသဟောပြောကြောင်း သိရှိရသည်။**(အပေါ်ပုံ)** (ကြေးမုံ)

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း မန္တလေးတိုင်းဒေသကြီးအတွင်း ဂျီအက်စ်အမ်မိုဘိုင်းတယ်လီဖုန်း တိုးချဲ့တပ်ဆင်ရေး စီမံကိန်းလုပ်ငန်းများပြီးစီးမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၁

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းသည် ယမန်နေ့မွန်းလွဲပိုင်းတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မန္တလေးတိုင်းဒေသကြီး မန်နေဂျာရုံးရှိ အဝေးဆက်သွယ်မှုစက်ခန်းများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ အဝေးဆက်သွယ်ရေး အင်ဂျင်နီယာချုပ်က ရန်ကုန်-နေပြည်တော်-မန္တလေးနှင့် အခြားမြို့များ၏ မိုက္ကရိုဝေ့ဖ်ဆက်ကြောင်း ချိတ်ဆက်ထားမှုများ၊ Fibre Transmission ဆက်ကြောင်း ချိတ်ဆက်ထားရှိမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မိုက္ကရိုဝေ့ဖ်ဆက်ကြောင်းများနှင့် Fibre Transmission ဆက်ကြောင်းများမှာ GSM တိုးချဲ့တပ်ဆင်ရေး စီမံကိန်း ဆက်သွယ်မှု ကောင်းမွန်စေရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သဖြင့် ၎င်းဆက်ကြောင်းများ ပြတ်တောက်မှုမရှိစေရေး၊ အရန်ဆက်ကြောင်းများ ထားရှိရေးတို့အတွက် ဆောင်ရွက်ကြရန်နှင့် ဖိုင်ဘာဆက်ကြောင်းများ ထပ်မံတိုးချဲ့ရေးအတွက် လူအင်အားနှင့် စက်ပစ္စည်းအင်အား ထပ်မံတိုးမြှင့်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မန္တလေးတိုင်းဒေသကြီး မန်နေဂျာရုံးရှိ အဝေးဆက်သွယ်မှုစက်ခန်းအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယင်းနောက် ပုသိမ်ကြီးမြို့ အိတ်ချိန်းဝင်းအတွင်း GSM မိုဘိုင်းတိုးချဲ့တပ်ဆင်ရေး စီမံကိန်းအတွက် တည်ဆောက်တပ်ဆင်ပြီးစီးသွားသည့် GSM ရေဒီယိုစခန်းတာဝါနှင့် စက်မှုအဆောက်အအုံအတွင်းရှိ စက်ပစ္စည်းများ တပ်ဆင်ထားရှိမှုများနှင့် အော်တိုအိတ်ချိန်းစက်ခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီး ဒုတိယအထွေထွေမန်နေဂျာ ဦးကျော်စွာသွင်နှင့် မန္တလေးမြို့ GSM စီမံကိန်းတာဝန်ရှိသူတို့က တိုင်းဒေသကြီးအတွင်း GSM မိုဘိုင်းတယ်လီဖုန်း တိုးချဲ့တပ်ဆင်ရေး စီမံကိန်းနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး မန်နေဂျာက GSM မိုဘိုင်းတယ်လီဖုန်း တိုးချဲ့တပ်ဆင်ရေးစီမံကိန်းအတွက် တည်ဆောက်ရန်လိုအပ်သည့် GSM BTS စခန်း ၅၅ ခုအနက် အချို့သော BTS စခန်းများကို ယခုပင် တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း၊ ကျန်ရှိနေသော BTS စခန်းများကို ဖေဖော်ဝါရီလအတွင်း စတင်စမ်းသပ် ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြည်သူများ မိုဘိုင်းတယ်လီဖုန်းများကို ဈေးနှုန်းသက်သာစွာဖြင့် စောစီးစွာ အသုံးပြုနိုင်ရေးအတွက် GSM တိုးချဲ့ရေးစီမံကိန်းအား သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရန်လိုအပ်ကြောင်း၊ လူအင်အားနှင့် စက်ပစ္စည်းလိုအပ်ချက်များကို အချိန်မီဖြည့်ဆည်းပေးသွားမည် ဖြစ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝင်ငွေတိုးရေးလုပ်ငန်းအတွက် မွေးမြူရေးအဖွဲ့များသို့ ဥစားဘဲများပေးအပ်

နေပြည်တော် ဇန်နဝါရီ ၂၁

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးသည် ဇန်နဝါရီ ၁၄ ရက်တွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ဖလန်ကျင်းကျေးရွာရှိ နို့စားနွားမွေးမြူရေးအစုအဖွဲ့များမှ အဖွဲ့ဝင် ၇၆ ဦးအား တွေ့ဆုံ၍ နို့ထွက်နှုန်းကောင်းစေသည့် သကာတုံးများ ပေးအပ်ပြီး နို့စားနွား မွေးမြူမှုတိုးတက်ဖွံ့ဖြိုးရေး၊ နို့ဈေးပိုမိုရရှိစေရေး၊ ဝင်ငွေများတိုးတက်လာစေရေးတို့ကို ဆွေးနွေးမှာကြားခဲ့သည်။

ဒုတိယဝန်ကြီးသည် ဇန်နဝါရီ ၁၅ ရက်တွင် ညောင်ဦးမြို့ရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ တိုင်းရင်း ကြက်မျိုးထိန်း၊ မျိုးပွားခြံသို့ရောက်ရှိပြီး တိုင်းရင်းကြက်များ မျိုးထိန်းသိမ်းရေးနှင့် ရောဂါကျရောက်မှု မရှိစေရေးတို့ကို မှာကြား၍ ရေစကြိုမြို့ရှိ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန၏ စံပြဆိတ်မွေးမြူရေးခြံနှင့် မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း၊ မြိုင်ဆိတ်မွေးမြူရေးခြံ၌ ဆိတ်မွေးမြူရေးလုပ်ငန်းအား စီးပွားရေးတွက်ခြေကိုက်အောင် ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့သည်။

ဒုတိယဝန်ကြီးသည် ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးဌာနမှူးရုံး၌ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနဝန်ကြီး ဦးမြင့်သန်းနှင့်အတူ နံနက် ၁၁ နာရီခွဲတွင် မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းက ဆောင်ရွက်နေသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအစီအစဉ်၌ ဘဲမွေးမြူရေးအစုအဖွဲ့နှစ်ခုမှ အဖွဲ့ဝင် ၂၀ အား မတည်ရင်းနှီးမှုအနေဖြင့် ဥစားဘဲများလွှဲပြောင်းပေးအပ်သည့် အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ဥစားဘဲ တစ်ယူနစ်လျှင် ရက် ၆၀ အရွယ်ရှိ ဥစားဘဲအကောင် ၂၀၀၊ လိုအပ်သည့် ဇာပိုက်ပြာနှစ်လိပ် အပါအဝင် စုစုပေါင်းတန်ဖိုးငွေကျပ် ၃၂၅၆၀၀ ရှိပြီး ဘဲမွေးမြူရေးအစုအဖွဲ့ နှစ်စုအတွက် နှစ်ယူနစ် မတည်ရင်းနှီးပေးခြင်းဖြစ်သည်။ အဆိုပါ ဘဲမွေးမြူရေးအစုအဖွဲ့ နှစ်စုသည် နန်းဦးလွင်ကျေးရွာနှင့် မိုင်ကုန်းကျေးရွာများ၌ မွေးမြူသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပုဒ္ဓဘာသာလူငယ်ယဉ်ကျေးမှု(နည်းပြ) သင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဇန်နဝါရီ ၂၁

ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့ (နေပြည်တော်၊ ပျဉ်းမနား)နှင့် ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်းတို့မှ ပူးပေါင်းစီစဉ်ကျင်းပသော ဗုဒ္ဓဘာသာ လူငယ်ယဉ်ကျေးမှု(နည်းပြ)သင်တန်းကို ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်(၁၀၄)ရပ်ကွက် ဗန္ဓုလလမ်းရှိ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ ရွှေဝါဝင်းကျောင်းတိုက်၌ ဇန်နဝါရီ ၂၈ ရက်နှင့် ၂၉ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်ပြီး ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့မှ ဆရာကြီး၊ ဆရာမကြီးများက ဓမ္မဒါန သင်ကြား ပို့ချပေးမည်ဖြစ်ကြောင်း၊ သင်တန်းတွင် လိုအပ်သော စာရွက်စာတမ်းများနှင့် နေ့လယ်စာကိုပါ ဓမ္မဒါနလှူဒါန်းမည်ဖြစ်ကြောင်း၊ သင်တန်းသို့ လက်ရှိသင်ကြားမှုလုပ်ငန်းကို ဆောင်ရွက်နေသည့်ဆရာ၊ ဆရာမများနှင့် အသက် (၁၈) နှစ်ပြည့်ပြီးသူ၊ ယဉ်ကျေးမှုသင်တန်းများတွင် နည်းပြအဖြစ် ပြန်လည်သင်ကြားလိုသူများ တက်ရောက်နိုင်ကြောင်းနှင့် စိတ်ပါဝင်စားသူများသည် ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်း ဖုန်း-၃၈၂၉၃၅၊ ၀၉-၅၀၇၉၆၇၄နှင့် နန်းဦးဘုန်းတော်ကြီး သင်ပညာရေးကျောင်း ဖုန်း-၀၉-၈၆၁၄ ၈၀၄၊ ၀၉-၄၉၃၀၃၅၂တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်များ၏ ဦးဆောင်စီစဉ်မှုဖြင့် ဘုရင့်နောင်ရပ်ကွက် မဟာဗန္ဓုလ(၃)လမ်း အရှည်ပေ ၈၃၀၊ အကျယ် ၁၂ ပေ ဒု ခြောက်လက်မ ကွန်ကရစ်လမ်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ လာရောက်ကြည့်ရှုစဉ်။ (၅၆၉)



ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြိုင်ပွဲ ဆုရရှိသူများ အမည်စာရင်းထုတ်ပြန်

ရန်ကုန် ဇန်နဝါရီ ၂၁

ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ ကြီးမှူး၍ တတိယအကြိမ် ယာဉ်မတော်တဆမှုကြောင့် သေဆုံးဒဏ်ရာရသူများ အမှတ်တရနေ့နှင့် ပဥ္စမအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးပြပွဲ ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၁၂ခုနှစ် ဇန်နဝါရီ ၂၇ ရက်မှ ၃၀ ရက်နေ့အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြိုင်ပွဲများကျင်းပခဲ့ရာ ဝတ္ထုတိုပြိုင်ပွဲတွင် ဦးမြင့်သိန်း(ရွှေရိုး) (ပထမဆု)၊ ဒေါ်မေအိပ်စည်ဦး(ဧကရီမေဦးကျော်) (ဒုတိယဆု)၊ ဦးကျော်ထွန်း (လင်းလတ်ကြယ်) (တတိယဆု)၊ ဒေါ်ယဉ်သူသင်း(ရွှေကြာဖြူ) (နှစ်သိမ့်ဆု)၊ ဒေါ်ယဉ်မျိုးခိုင် (ရွှေဝန်းရံ) (နှစ်သိမ့်ဆု)၊ ဆောင်းပါးပြိုင်ပွဲတွင် ဦးကျော်ထွန်း (ဖျောက်မြေမောင်ဆွေမွန်) (ပထမဆု)၊ ဒေါ်ယဉ်သူသင်း(ရွှေကြာဖြူ) (ဒုတိယဆု)၊ ဦးအောင်စိုးထွဋ်(လှိုင်စိုး-ဝေါ) (တတိယဆု)၊ ဦးဖိုးရွှေကျော် (ဖိုးရွှေကျော်) (နှစ်သိမ့်ဆု)၊ ဒေါ်ခင်ဝင်း(ခင်ခင်ဝင်း-ပညာရေး)(နှစ်သိမ့်ဆု)၊ ဓာတ်ပုံပြိုင်ပွဲတွင် ဦးရဲနောင်(ဖယ်ခုံ) (ပထမဆု)၊ ဦးသိန်းထွန်း (Nature Image) (ဒုတိယဆု)၊ ဦးအောင်သက်မိုး (အောင်အောင်-ပန်းတောင်း) (တတိယဆု)၊ ဦးသန့်စင် (ရတနာပုံ) (နှစ်သိမ့်ဆု)၊ ဦးအောင်သက်မိုး (အောင်အောင်-ပန်းတောင်း) (နှစ်သိမ့်ဆု)၊ ကာတွန်းအလွတ်တမ်းပြိုင်ပွဲတွင် ကာတွန်းအောင်ကျော် (ပထမဆု)၊ ဦးဟန်မျိုးအောင် (ကာတွန်းဟန်) (ဒုတိယဆု)၊ ဦးသိန်းထွန်း (တတိယဆု)၊ ဦးဝင်းဖေ (နှစ်သိမ့်ဆု)၊ ဦးစန်းလွင် (ကာတွန်းမောင်မောင်စန်းလွင်) (နှစ်သိမ့်ဆု)၊ ပိုစတာအခြေခံပညာအထက်တန်းအဆင့်ပြိုင်ပွဲတွင် မစုနန္ဒာဇော်ဝင်း (ပထမဆု)၊ မောင်စိုင်းသီဟအောင် (ဒုတိယဆု)၊ မယုဇနဝင်း (တတိယဆု)၊ မောင်ဖြိုးသူကျော် (နှစ်သိမ့်ဆု)၊ မောင်ထက်ဝေယံထွဋ် (နှစ်သိမ့်ဆု)၊ ပိုစတာအခြေခံပညာအလယ်တန်းအဆင့်ပြိုင်ပွဲတွင် မနှင်းထက်ထက်နိုင်ဝင့် (ပထမဆု)၊ မောင်သက်ပိုင်ဦး (ဒုတိယဆု)၊ မအိန္ဒြေမောင် (တတိယဆု)၊ မသရဖီဝင်း(နှစ်သိမ့်ဆု)၊ မောင်စိုးသူရသိန်း (နှစ်သိမ့်ဆု)၊ အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် မမေဖူးပိုင် (ပထမဆု)၊ မောင်မြတ်ထွန်းသိန်း (ဒုတိယဆု)၊ မလဲ့လဲ့မြင့် (တတိယဆု)၊ မမြရွှေရည်သိမ့် (နှစ်သိမ့်ဆု)၊ မအိအိအောင် (နှစ်သိမ့်ဆု)၊ ဉာဏ်စမ်းပဟေဠိ အခြေခံပညာအထက်တန်းအဆင့်ပြိုင်ပွဲတွင် မပန်းအိဖြူ (ပထမဆု)၊ မသဇင်ထက် (ဒုတိယဆု)၊ မမေသင်းခိုင် (တတိယဆု)၊ မသန္တာတင်ဦး (နှစ်သိမ့်ဆု)၊ မမွှေးစပယ်တင် (နှစ်သိမ့်ဆု)၊ မမြတ်သစ်သစ်ကျော် (နှစ်သိမ့်ဆု)၊ အလယ်တန်းအဆင့်ပြိုင်ပွဲတွင် မောင်ဝင်းဘုန်းမြတ် (ပထမဆု)၊ မောင်အောင်သီဟ (ဒုတိယဆု)၊ မမေမြတ်နိုးခင် (တတိယဆု)၊ မမေသွယ်ဦး (နှစ်သိမ့်ဆု)၊ မောင်ဇော်ဝင်းထွန်း (နှစ်သိမ့်ဆု)၊ မူလတန်းအဆင့်ပြိုင်ပွဲတွင် မောင်သီဟထွန်းလင်း (ပထမဆု)၊ မောင်သီဟန်ထွဋ် (ဒုတိယဆု)၊ မောင်ထွန်းတိမ်ယံဦး (တတိယဆု)၊ မချယ်စင်သိမ့် (နှစ်သိမ့်ဆု)၊ မောင်ဝင်းခန့် (နှစ်သိမ့်ဆု)၊ မောင်ဂုဏ်ဝင့်ဟန် (နှစ်သိမ့်ဆု)၊ မထက်ဝတ်ရည် (နှစ်သိမ့်ဆု)၊ ကဗျာတေးသရုပ်ဖော်ပြိုင်ပွဲတွင် အမက(၁၀) လှိုင်မြို့နယ် (ပထမဆု)၊ အမက(၆) ကျောက်တံတားမြို့နယ် (ဒုတိယဆု)၊ အမက(၈) မူလတန်းလွန်ကျောင်း သဃ်န်းကျွန်းမြို့နယ် (တတိယဆု)၊ အထက(၂) လှိုင်သာယာမြို့နယ် (နှစ်သိမ့်ဆု)၊ အမက(၃) မင်္ဂလာတောင်ညွန့်မြို့နယ် (နှစ်သိမ့်ဆု)တို့ဖြစ်သည်။

ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိသူများအား ၂၀၁၂ခုနှစ် ဇန်နဝါရီလ ၂၇ ရက်တွင် ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဆုချီးမြှင့်သွားမည်ဖြစ်သည်။ ယင်းဆုရရှိသူများသည် ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် ဒဂုံမြို့နယ် ဦးဝိစာရလမ်း တပ်မတော်ခန်းမရှိ ပြိုင်ပွဲကျင်းပရေးကော်မတီသို့ သတင်းပို့ရန်နှင့် နှစ်သိမ့်ဆုရသူများအား ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၇ ရက်၌ အဆိုပါလိပ်စာသို့ လာရောက်ထုတ်ယူရန်ဖြစ်သည်။

(ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ)

မြင်းခြံမြို့နယ် နဘူးအိုင်ကျေးရွာ ဂိလာနသုခကာရီ မင်္ဂလာယာဉ်ဝယ်ယူရေး စီစဉ်ဆောင်ရွက်

မန္တလေး ဇန်နဝါရီ ၂၁

လူသားချင်း စာနာထောက်ထားမှုဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အဆင်ပြေလွယ်ကူစွာ ဆောင်ရွက်နိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် နဘူးအိုင် စံပြကျေးရွာတွင် ကျန်းမာရေးကူညီစောင့်ရှောက်ရေး အဆင်ပြေကောင်းမွန်စေရန် ဂိလာနသုခကာရီမင်္ဂလာယာဉ် ဝယ်ယူနိုင်ရေး ရွာဦးတိုက်မဟာအောင်မြေကျောင်းဆရာတော် ဦးဉာဏိန္ဒနှင့် လူမှုကူညီရေး စိတ်အားထက်သန်သူများ ဦးစီးကမကထပြုလုပ်၍ ဇန်နဝါရီလမှ စတင်ဆောင်ရွက်လျက်ရှိသည်။

ဂိလာနသုခကာရီမင်္ဂလာယာဉ် ဝယ်ယူရေးတွင် ကျန်းမာရေးအတွက် အရေးတကြီး သွားရောက်ရမည့် ငွေကြေးမတတ်နိုင်သူများအား အခမဲ့ပို့ဆောင်ရေးကို အဓိက ဦးစားပေးပြီး ငွေကြေးတတ်နိုင်သူများအတွက် ဆီဖိုး၊ ဒရိုင်ဘာခနှင့် ကုန်ကျစရိတ် ပေးဆောင်ရမည်ဖြစ်သည်။ ဆင်းရဲနွမ်းပါးသူများအား အခမဲ့ပို့ဆောင်ပေးမည့်အပြင် လိုအပ်ပါက ဆေးဝါးကုသမှုနှင့် ပစ္စည်းများထောက်ပံ့ပေးမည်ဖြစ်သည်။

ဂိလာနသုခကာရီမင်္ဂလာယာဉ် အမြန်ဆုံးဝယ်ယူပြီး ကျန်းမာရေးကူညီစောင့်ရှောက်မှုပြုလုပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ ကူညီလှူဒါန်းလိုသူများသည် နဘူးအိုင်ရွာတွင် ရွာဦးတိုက်ဆရာတော် ဦးဉာဏိန္ဒ မဟာအောင်မြေကျောင်းတိုက် ဖုန်း-၀၉-၉၁၀၂၁၃၀၃၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသက်နိုင် ဖုန်း-၀၉-၆၅၄၅၁၀၈၊ မန္တလေးမြို့တွင် ဒေါ်တင်တင် ဖုန်း-၀၂-၆၃၂၁၉၊ ဦးပုချို ဖုန်း-၀၉-၄၉၂၄၁၉၀၀၊ ဦးခင်မောင်မြင့် ဖုန်း-၀၉-၂၀၀၃၂၆၄နှင့် ဦးမောင် ဖုန်း-၀၉-၂၀၂၀၀၁၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)



ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့က ကြီးမှူးကျင်းပသည့် အခြေခံပန်းအလှထိုးနည်း သင်တန်းဆင်းပွဲကို ဇန်နဝါရီ ၁၄ ရက်က အင်းစိန်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံးခန်းမ၌ ကျင်းပရာ မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုး သင်တန်းဆင်းလက်မှတ်များ ပေးအပ်စဉ်။ (၆၈၄)

မြို့တော်ပေကျင်း၏ လေထုညစ်ညမ်းမှု ပြည်သူများသိရှိနိုင်ရန် သတင်းကြေညာချက်ထုတ်ပြန်

ပေကျင်း ဇန်နဝါရီ ၂၁

တရုတ်နိုင်ငံ မြို့တော်ပေကျင်း၏ လေထုညစ်ညမ်းမှု အခြေအနေဆိုင်ရာ အသေးစိတ် သတင်းအချက်အလက်များကို ပြည်သူများသိရှိနိုင်ရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အာဏာပိုင်များက ဇန်နဝါရီ ၂၁ ရက်တွင် ကြေညာချက် ထုတ်ပြန်လိုက်ကြောင်း သတင်းဌာနများက သတင်းထုတ်ပြန်သည်။

မြို့တော်ပေကျင်း၌ ရက်သတ္တတစ်ပတ်ကြာမျှ မီးခိုးမြူများ လွှမ်းခြုံခဲ့ပြီးနောက် မြောက်လေတိုက်ခတ်မှု ဖြစ်ပေါ်လာခြင်းကြောင့် ကောင်းကင်ယံမှာ ပိုမိုကြည်လင်လာကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာန၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။

လေထုလွှာအရည်အသွေးကို ကျဆင်းစေသော မြူမှုန်များကြောင့် ပြည်သူလူထု၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။ **အင်တာနက်။**

စင်ကာပူ ချန်ဂီနိုင်ငံတကာ လေဆိပ်၏ စကြံဆောင်တစ်ခုကို တွေ့ရစဉ်။

စင်ကာပူချန်ဂီလေဆိပ်၌ ခရီးသည်ဝင်ထွက်မှု စံချိန်တင်

စင်ကာပူ ဇန်နဝါရီ ၂၁

စင်ကာပူနိုင်ငံရှိ ချန်ဂီလေဆိပ်၌ ၂၀၁၁ ခုနှစ်တွင် ခရီးသည် ၄၆ ဒသမ ၅ သန်းအထိ ဝင်ထွက်သွားလာခဲ့ကြောင်း၊ ယင်းမှာ နှစ်အလိုက် နှိုင်းယှဉ်ချက်အရ စံချိန်တင်ဦးရေဖြစ်ကြောင်း လေဆိပ်အာဏာပိုင်များက ဇန်နဝါရီ ၂၁ ရက်တွင် ပြောကြားကြသည်။

စင်ကာပူချန်ဂီလေဆိပ်၌ လွန်ခဲ့သည့်နှစ်အတွင်း လေယာဉ်အဝင်၊ အထွက် အကြိမ်ပေါင်း ၃၀၂၀၀၀ ရှိခဲ့ကြောင်း ချန်ဂီလေဆိပ်ကုမ္ပဏီအုပ်စုကထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြသည်။

၂၀၁၁ခုနှစ် ဒီဇင်ဘာလသည် ချန်ဂီလေဆိပ်၌ ခရီးသည် အဝင်၊ အထွက် အများဆုံးလတစ်လဖြစ်ပြီး နှစ်အလိုက် နှိုင်းယှဉ်ချက်အရ ၁၁ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

ချန်ဂီလေဆိပ်၌ ဒီဇင်ဘာလက ခရီးသည် ၄ ဒသမ ၅၃ သန်းအထိ ဖြတ်သန်းသွားလာခဲ့ကြသည်။

၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်သည် ယင်းလေဆိပ်၌ ခရီးသည်ဖြတ်သန်းသွားလာမှု အများဆုံးနေ့တစ်နေ့အဖြစ် စံချိန်တင်နိုင်ခဲ့ပြီး ၂၄ နာရီအတွင်း ခရီးသည် ၁၆၅၀၀၀ ရှိကြောင်း သတင်းတွင်ဖော်ပြသည်။

အာရှ-ပစိဖိတ်ဒေသ၌ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများ တိုးတက်လာမှု၏ အကျိုးဆက်တစ်ရပ်အဖြစ် စင်ကာပူနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်များ အလည်အပတ်လာရောက်မှု တိုးတက်လာနေကြောင်း လေဆိပ်တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။ **အင်တာနက်။**

ပါကစ္စတန်အနောက်မြောက်ပိုင်းရှိ စာသင်ကျောင်း စစ်သွေးကြွများဖျက်ဆီး

ပက်ရှ်ဝါ ဇန်နဝါရီ ၂၁

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း ခိုင်ဘာဒေသရှိ အစိုးရကျောင်းတစ်ကျောင်းကို အမည်မသိ အကြမ်းဖက်တိုက်ခိုက်ရေးသမားများက ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

ခိုင်ဘာမျိုးနွယ်စုများနေထိုင်ရာ တော့ခ်ဟမ်းဒေသရှိ မူလတန်းကျောင်းကို ဇန်နဝါရီ ၂၀ ရက် နှောင်းပိုင်းက ဗုံးခွဲတိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ ဗုံးပေါက်ကွဲမှုကြောင့် ကျောင်းအဆောက်အအုံ ပျက်စီးသွားကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပရက်စ်တီဗွီသတင်းဌာနသို့ ပြောကြားခဲ့သည်။

သို့ရာတွင် ယင်းအချိန်က ကျောင်းတွင် မည်သူမျှမရှိသဖြင့် လူအသေအပျောက် သတင်းမရရှိချေ။

စစ်သွေးကြွများသည် လွန်ခဲ့သည့် နှစ်အနည်းငယ်က ပါကစ္စတန် အနောက်မြောက်ပိုင်းတွင် ကျောင်းများကို ရာချီ၍ ဖျက်ဆီးခဲ့ကြသည်။ အထူးသဖြင့် ခိုင်ဘာပက်ထန်ခဝါပြည်နယ်တွင် ဖြစ်သည်။

ပါကစ္စတန်အနောက်မြောက်ပိုင်းတွင် မိန်းကလေးများ ပညာသင်ကြားခြင်းကို တက်ချ်ရစ်ခ်-အီးလ်-တာလီဘန်များက တားမြစ်သည်။ **အင်တာနက်။**

အာဖဂန်နစ္စတန်၌ နေတိုးရဟတ်ယာဉ်ပျက်ကျ တပ်ဖွဲ့ဝင်ခြောက်ဦးသေဆုံး

ကဘူး ဇန်နဝါရီ ၂၁

အာဖဂန်နစ္စတန်နိုင်ငံ၌ ရဟတ်ယာဉ်တစ်စင်း ပျက်ကျမှုကြောင့် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)တပ်ဖွဲ့ဝင် ခြောက်ဦး သေဆုံးရကြောင်း စစ်ဘက်ဆိုင်ရာ သတင်းထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း၌ စစ်ရဟတ်ယာဉ် ပျက်ကျမှုဖြစ်ပွားခဲ့ကြောင်း၊ ရဟတ်ယာဉ်ပျက်ကျချိန်တွင် ဒေသတွင်း၌ စစ်သွေးကြွများ၏ လှုပ်ရှားမှုမရှိကြောင်း၊ ရဟတ်ယာဉ်ပျက်ကျမှုကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ လွန်ခဲ့သည့်နှစ် ဩဂုတ်လက အလားတူ ရဟတ်ယာဉ်ပျက်ကျမှုဖြစ်ပွားခဲ့ရာ တပ်ဖွဲ့ဝင် ၃၀ သေဆုံးခဲ့ရသည်။ **အင်တာနက်။**

နိုင်ဂျီးရီးယားကမ်းလွန်ရေနံတူးစင်မီးလောင် အလုပ်သမားနှစ်ဦး ပျောက်ဆုံး

လေဂို့စ် ဇန်နဝါရီ ၂၁

နိုင်ဂျီးရီးယားနိုင်ငံ ပင်လယ်ကမ်းရိုးတန်း ကမ်းလွန်ရှိ ရေနံတူးစင်တစ်ခု၌ မီးလောင်ကျွမ်းမှုဖြစ်ပွားလျက်ရှိသည်မှာ ငါးရက်ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း၊ ကမ်းလွန်ရေနံတူးဖော်ရေး လုပ်ငန်းကို လုပ်ကိုင်လျက်ရှိသော ချေဗရွန်ကော်ပိုရေးရှင်းက မီးငြိမ်းသတ်နိုင်ရန် ဆက်လက်ကြိုးပမ်းလျက်ရှိကြောင်း ဒေသ ဆိုင်ရာ သတင်းဌာနများက ဇန်နဝါရီ ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

နိုင်ဂျီးရီးယားနိုင်ငံ ကမ်းလွန်ပင်လယ်ပြင်ရှိ ရေနံတူးစင် မီးလောင်ကျွမ်းနေသည်ကို တွေ့ရစဉ်။
(ဓာတ်ပုံ - အင်တာနက်)

ကမ်းလွန်ရေနံတူးစင်၌ မီးလောင်မှုဖြစ်ပွားမှုကြောင့် နိုင်ငံခြားသား အလုပ်သမားနှစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်း ချေဗရွန်ကော်ပိုရေးရှင်း၏ နိုင်ဂျီးရီးယားနှင့် အာဖရိကအလယ် ပိုင်းဒေသဆိုင်ရာ ဦးဆောင်ညွှန်ကြားရေးမှူး အင်ဒရူးဖောသရော့က ပြောကြားသည်။

အဆိုပါ ကမ်းလွန်ရေနံတူးစင်၌ နိုင်ငံခြားသား အလုပ်သမားများနှင့် ဒေသခံအလုပ်သမားများ အလုပ်လုပ်ကိုင်ခဲ့ကြသည်။ ပျောက်ဆုံးနေသော အလုပ်သမားများ မည်သည့်နိုင်ငံသားများဖြစ်သည်ကို ၎င်းက ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

ပျောက်ဆုံးနေသော နိုင်ငံခြားသား အလုပ်သမားနှစ်ဦးကို သုံးရက်တိုင်တိုင် ရှာဖွေခဲ့သော်လည်း မည်သို့မျှ ရှာဖွေတွေ့ရှိရခြင်း မရှိသဖြင့် ရှာဖွေရေးလုပ်ငန်းကို ရပ်ဆိုင်းလိုက်ပြီဆိုသည်။

အဆိုပါ ကမ်းလွန်ရေနံတူးစင်မှ အလုပ်သမား ၁၅၂ဦး ကို ကယ်တင်ပေးနိုင်ခဲ့သည်။ **အင်တာနက်။**

တောင်အာဖရိကနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအတွက် အဓိက အားထားရသော ကရူဂါ အမျိုးသားဥယျာဉ် မြင်ကွင်း။
(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်တောင်ပိုင်းရှိ အမေရိကန်စစ်စခန်းတာလီဘန်များတိုက်ခိုက်

ကဘူး ဇန်နဝါရီ ၂၁

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းရှိ အမေရိကန်စစ်အခြေစိုက်စခန်းတစ်ခုသည် တာလီဘန်စစ်သွေးကြွများ၏ တိုက်ခိုက်ခြင်းကို ခံခဲ့ရကြောင်း ပရက်(စ်)တီဗွီက စနေနေ့တွင် ဖော်ပြသည်။

အာဖဂန်တာဝန်ရှိသူများ၏အဆိုအရ ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်နယ်စပ်အနီး ပက်တီကာပြည်နယ် ဘားမဲလ်ခရိုင်အတွင်း၌ အဆိုပါတိုက်ခိုက်မှုဖြစ်ခဲ့သည်။

ဒေသစံတော်ချိန် နံနက် ၉နာရီခန့်တွင် ကန်စစ်စခန်းကို လက်နက်ကိုင် တာလီဘန်အုပ်စုတစ်စုက တိုက်ခိုက်ခြင်းဖြစ်ကြောင်း ခရိုင်အာဏာပိုင်များက ပြောသည်။ သတင်းများအရ တာလီဘန်စစ်သွေးကြွ အနည်းဆုံး လေးဦးသေဆုံးခဲ့သည်။

တာလီဘန်အဖွဲ့ကလည်း ယင်းတိုက်ခိုက်မှုသည် ၎င်းတို့၏လက်ချက်ဖြစ်သည်ဟု ကြေညာခဲ့သည်။

ထိုဖြစ်ရပ်နှင့် တစ်ချိန်တည်းမှာပင် အာဖဂန်နစ္စတန်ဆိုင်ရာ အမေရိကန်အထူးသံတမန် မက်ဂရော့ခ်မန်သည် တာလီဘန်အရေးနှင့်စပ်လျဉ်း၍ အာဖဂန်အရာရှိများနှင့် ဆွေးနွေးရန် ကဘူးမြို့တော်သို့ ရောက်ရှိလျက်ရှိသည်။

အမေရိကန်ဦးဆောင်၍ အာဖဂန်စစ်ပွဲစတင်ပြီး ဆယ်စုနှစ်တစ်စုအကြာ စစ်သွေးကြွအုပ်စုများနှင့် ညှိနှိုင်းဆွေးနွေးမှု စတင်နိုင်ရန် ဝါရှင်တန်က ကြိုးစားလျက်ရှိသည်။ **အင်တာနက်။**

အာဖဂန်နစ္စတန်မှ တာလီဘန်တိုက်ခိုက်ရေးသမားများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ရေဘေးဒဏ်ခံနေရသော တောင်အာဖရိကမှ ကရူဂါအမျိုးသားဥယျာဉ် ပြန်လည်ဖွင့်လှစ်

ဂျိုဟန်နက်စဘတ် ဇန်နဝါရီ ၂၁

ပြင်းထန်သောရေလွှမ်းမိုးမှုကြောင့် လမ်းများ ပျက်စီးခဲ့ရပြီး ကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက်မှုကို ပိတ်ပင်ထားခဲ့ရသော တောင်အာဖရိကနိုင်ငံမှ ကရူဂါအမျိုးသားဥယျာဉ်အား ပြန်လည်ဖွင့်လှစ်ပေးလိုက်ပြီဖြစ်ကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများက သောကြာနေ့တွင် ပြောကြားသည်။

အခြေအနေအားလုံး ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိခဲ့ပြီဖြစ်ရာ ကရူဂါအမျိုးသားဥယျာဉ်၏ ဝင်ပေါက်၊ ထွက်ပေါက်အားလုံးကို ပြန်လည်ဖွင့်ပေးပြီးဖြစ်ကြောင်း ယင်း အမျိုးသားဥယျာဉ် ပြောရေးဆိုခွင့်ရှိသူ၏ အဆိုအရ သိရသည်။

တောင်အာဖရိကနိုင်ငံမြောက်ပိုင်း၌ ယခုရက်သတ္တပတ်အတွင်း မိုးဆက်တိုက်ရွာသွန်းခဲ့ရာ တောတွင်းခရီးစဉ်လှည့်လည်စဉ် သောင်တင်နေခဲ့ရသော ခရီးသွား ၆၀ကို တာဝန်ရှိသူများက ဘေးလွတ်ရာရွှေ့ပြောင်းပေးခဲ့ရသည်။

နယ်သာလန်နိုင်ငံ၏ အရွယ်အစားမျှ ကြီးမားသော ကရူဂါ အမျိုးသားဥယျာဉ်သည် တောင်အာဖရိကနိုင်ငံအတွက် ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်ပေးသည့် ဒေသဖြစ်ပြီး နှစ်စဉ်နှစ်တိုင်း ကမ္ဘာတစ်ဝန်းမှ ခရီးသွား ၁ ဒသမ ၃ သန်းတို့ လာရောက်လေ့ရှိသည်။ **အင်တာနက်။**

ဇန်နဝါရီ ၁၃ ရက်က ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် Youth to Business Forum အခမ်းအနားတက်ရောက်ရန် ဖိတ်ကြားထားခြင်းခံရသော စီးပွားရေးစီမံခန့်ခွဲမှုကျောင်း PS Business School ကျောင်းသူများအား ဗီယက်နမ်နိုင်ငံသို့မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။ (မြို့နယ် ပြန်/ဆက်)

မှုခင်းကျဆင်းရေးနှင့် လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဟောပြော၊ လက်ကမ်းစာစောင်များ ဖြန့်ဝေ

ရန်ကုန် ဇန်နဝါရီ ၂၁

မြန်မာနိုင်ငံရဲတပ်ဖွဲ့ နိုင်ငံဖြတ်ကျော်မှုခင်းဌာနနှင့် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအထူးတပ်ဖွဲ့များတွင် တပ်ဆင်အသုံးပြုလျက်ရှိသော Hot Line ဖုန်းနံပါတ်များပါ လက်ကမ်းစာစောင်များနှင့် မိုးကုတ်မြို့နယ် ရဲတပ်ဖွဲ့ဆိုင်ရာ အကူအညီတောင်းခံနိုင်သည့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး ရဲစခန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် စခန်းမှူးများ၏ လက်ကိုင်ဖုန်းနံပါတ်များပါသည့် လက်ကမ်းစာစောင်များကို မိုးကုတ်မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး သန်းနိုင်နှင့်အဖွဲ့သည် ဇန်နဝါရီ ၁၄ ရက်တွင် မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများသို့ လှည့်လည်သွားရောက်၍ ဖြန့်ဝေပေးပြီး မှုခင်းလျော့နည်းကျဆင်းရေး လုပ်ငန်းစဉ်များကိုလည်း ဟောပြောခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၁၅)ရပ်ကွက် မြင်သာ(၁)လမ်း ဖြူးရိပ်သာခွဲ မြိုင်မဟာစည် သာသနာ့ရိပ်သာအတွင်း၌ တည်ဆောက်နေသော ရတနာမြိုင်သိမ်တော်အတွက် အလှူတော်ငွေကျပ် သိန်း ၅၀ ကို မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနေ နှစ်ဖက်မိဘများအား ရည်စူး၍ ဦးသန်းအောင်-ဒေါ်သိန်းထိုက်မိသားစုက မြိုင်ဆရာတော် ဘဒ္ဒန္တ ပညာဇောတထံ လှူဒါန်းစဉ်။ (ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၁-၂၀၁၂ (တနင်္ဂနွေနေ့)

AM & PM

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၄၀ "ဘယ်လောက်ပြင်ပြင် မလှနိုင်ပါလား"တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
- ၆:၃၀ ဘွဲ့အမည် နာမတော်သုံးမျိုးနဲ့ ထင်ပေါ်ဘုရင်ညီနောင် ရတနာလိုဏ်ဂူတော်
- ၆:၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၉၄)**
- ၇:၃၀ **MRTV-4 သတင်း**
- ၈:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၄၇)**
- ၈:၅၅ The Shop Around The Corner
- ၉:၂၀ ထာဝရကုသိုလ်ပင် စိုက်ပျိုးခဲ့လေပြီ. . . သလ္လာဝတီ
- ၉:၄၅ Sunday Talk (ရဲမှူးထွန်းထွန်းဝေ၊ မျိုးမြတ်သူ)
- ၁၀:၁၀ ပြည်သူများအတွက် မန်းမြေဆရာဝန်အသင်းရဲ့ ဆေးပညာနှီးနှောဖလှယ်ပွဲ
- ၁၀:၃၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "အချစ်ကွိုင်"
- ၁၁:၀၀ National Expo Exhibition Car Show
- ၁၁:၂၀ ရန်ကုန်မြင်ကွင်းကျယ် (ရန်ကုန် ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်) ၁၉၇၀-၁၉၇၄ ဓာတုဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူ ဟောင်းများ၏ စတုတ္ထအကြိမ် မြတ်ဆရာပူဇော်ကန်တော့ပွဲ)
- ၁၁:၃၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်" (အပိုင်း-၃၂)**
- ၁၂:၂၀ ကုသိုလ်ကောင်းမှုအခါခါပြု သာစုခေါ် စေသော်ဝ်. . .
- ၁၂:၃၅ ဥပါလိသိမ်တော် ရေစက်ချနှင့် သိက္ခာထပ်မင်္ဂလာ
- ၁:၀၀ "ဘယ်လောက်ပြင်ပြင် မလှနိုင်ပါလား"တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
- ၂:၀၀ **MRTV-4 သတင်း**
- ၂:၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၄၇)**
- ၃:၃၀ MNL MYANMAR 2012 (Southern Myanmar FC Vs Manawmyay) (LIVE)
- ၅:၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်" (အပိုင်း-၃၃)**
- ၆:၀၀ **MRTV-4** သတင်း
- ၆:၁၅ **Kid's Show**
- ၆:၅၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၉၅)**
- ၇:၄၅ သွားမယ်စားမယ် (Main Restaurant)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ ၂၀၁၀ ခုနှစ် အကယ်ဒမီ အကြိုရင်ခုန်သံ
- ၈:၄၅ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၃၅)
- ၉:၀၅ ဗီဒီယိုပြခန်း
- ၉:၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၄၈)**
- ၁၀:၂၅ Barclays Premier League (Arsenal Vs Man U)
- ၁၂:၂၅ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၁၂:၅၀ အမျိုးသားနှင့်ပတ်သက်သော အကြော၊ အဆစ်ရောဂါအကြောင်း သိကောင်းစရာ(အပိုင်း-၁) (ဒေါက်တာပန်ဒိုရာအောင်ကြီး၊ နေတိုး၊ ထွန်းထွန်း၊ မိုးမိုး၊ ကျော်ကျော်ဗို)
- ၁:၁၀ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာမေမြတ်ဝါဆို)
- ၁:၃၀ နည်းပညာမျှဝေလို့ သစ်မွှေးထုတ်လုပ်စို့
- ၁:၄၅ နုပျိုလန်းဆန်းကျန်းမာဖို့ SG 2000 Ultrasonic Bubble Message Bath
- ၂:၁၀ လူဖြစ်ရှုံးပါပြီကွာ (ရုပ်ရှင်သရုပ်ဆောင်များ၊ ဒါရိုက်တာ ညီညီထွန်းလွင်)
- ၂:၁၅ လှပဆန်းကြယ် မြန်မာ့ရွှေချည်ထည်
- ၂:၂၀ တိရစ္ဆာန်လေးတွေမွေးကြမယ် (Golden Gold Kennel))
- ၂:၄၀ မြန်မာ့တူရိယာစည်တော်ကြီး
- ၂:၅၅ စိတ်၏ကကြိုး
- ၃:၃၅ တောင်ပေါ်ကမ္ဘာပေါ်မှ အပန်းဖြေနားခိုရာများ
- ၃:၅၀ Celebrity Profile
- ၄:၂၅ မြစ်သံလွင်ကမ်းနံဘေးက . . . အေးချမ်းသည့်နားခိုရာ
- ၄:၄၀ စကားဝါမြေမှ မေတ္တာရှင် ဇီဝိတဒါနအာရောဂျသာလာ သံဃာ့ဆေးရုံ
- ၅:၀၀ အစီအစဉ်ပြီး။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်			ပြသမည့်လိုင်း
၈:၀၀	Man City	-	Spurs	(ESPN)
၁၀:၂၅	Arsenal	-	Man U	(ESPN) (MRTV-4)

*ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

❐ ရွှေ့ဖုံးမှ

ရွှေ့ပြေးစီမံကိန်းအရ စတုရန်း ပေ ၇၅၀၀၀ ရှိ ခေါင်မိုးဥယျာဉ်တစ်ခု ပေါ်ထွန်းလာမည်ဖြစ်သည်။

ယနေ့ကာလတွင် ကမ္ဘာတစ်ဝန်း၌ သဘာဝအရင်းအမြစ်များ ကုန်ခန်းလာနေပြီဖြစ်ကြောင်း၊ မြို့ကြီးများ၌ လူဦးရေ တိုးတက်လာသည့်ပြဿနာကို တွေ့ကြုံနေရပြီး ဒေသဆိုင်ရာရိက္ခာဖူလုံရေးအတွက် ကြိုးပမ်းနိုင်ရန် နည်းလမ်းရှာကြံရမည် ဖြစ်ကြောင်း။

ဘာလင်မြို့ရှိ ရွှေ့ပြေး ခေါင်မိုးဥယျာဉ်၌ ဆလတ်ပင်များ၊ သစ်ဥသစ်ဖုပင်များ၊ ခရမ်းချဉ်သီးပင်များကို စိုက်ပျိုးသွားမည်ဖြစ်ပြီး ငါးအမျိုးမျိုးကိုလည်း မွေးမြူထုတ်လုပ်သွားမည်ဆို၏။

ခေါင်မိုးဥယျာဉ် ထူထောင်ရန် ဒေါ်လာ ၆ ဒသမ ၇ သန်းခန့် ရင်းနှီးမြှုပ်နှံမည်ဖြစ်ပြီး လာမည့်နှစ်ထက်နောက်မကျဘဲ စတင်စိုက်ပျိုးထုတ်လုပ်နိုင်မည်ဖြစ်သည်။

အင်တာနက်။

ခင်ဦးမြို့နယ် မြို့မဈေး မီးဘေးလုံခြုံရေးစီမံချက်အရ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရာဇာအေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူးတင်ဝင်း၊ အမှုဆောင်အရာရှိ ဦးချစ်ငွေ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူ၊ ဈေးသားများ၏ ဇန်နဝါရီ ၁၉ ရက် ညနေ ၃ နာရီက မြို့မဈေးတွင် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို စစ်ဆေးပြီး မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်ခြင်းလုပ်ငန်းများ လက်တွေ့သရုပ်ပြသစဉ်။ (၅၇၃)

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ

ခရိုအေးရှားသို့လက်နက်များ တရားမဝင် တင်ပို့သူများ ချီလီရဲဖမ်းဆီး

ဆန်တီယေဂို ဇန်နဝါရီ ၂၁

ကုလသမဂ္ဂ၏ တားမြစ်ပိတ်ပင်ထားမှုကို ချိုးဖောက်၍ လွန်ခဲ့သည့်အနှစ် ၂၀ ခန့်က ခရိုအေးရှားနိုင်ငံသို့လက်နက်များ တရားမဝင်တင်ပို့ခဲ့ကြသည့် အငြိမ်းစားဗိုလ်ချုပ်ကြီးများကို ချီလီနိုင်ငံတရားလွှတ်တော်ချုပ်က သောကြာနေ့တွင် ပြစ်မှုကျူးလွန်ကြောင်း ကြေညာချက်ထုတ်ပြန်သည်။

၁၉၉၂ ခုနှစ်က ပုဂ္ဂလိကပိုင် လေယာဉ်တစ်စင်းဖြင့် ဘူဒါပက်မြို့သို့ လက်နက်နှင့် ခဲယမ်းမီးကျောက်များထည့်လာသည့် ကုန်သေတ္တာ ၃၆ လုံးကို ချီလီနိုင်ငံက ပို့ပေးခဲ့သည်။

လူသားချင်းစာနာထောက်ထား၍ လူသားချင်းစာနာထောက်ထားသော အကူအညီများနှင့်အတူ တရားမဝင်ပို့ပေးသည့် အဆိုပါ လက်နက်ခဲယမ်းများကို ဖမ်းဆီးမိခြင်းဖြစ်သည်။

ချီလီကြည်းတပ်ထောက်ပံ့တပ်မှ ထိပ်တန်းအရာရှိတစ်ဦးဖြစ်သော ဗိုလ်မှူးကြီးဂါရာဒိုဟူဘား သေဆုံးခြင်းနှင့် အဆိုပါအမှုတို့မှာ ဆက်နွှယ်လျက်ရှိသည်။

အင်တာနက်။

တောင်ဆူဒန်နိုင်ငံ ဂျူဘာဒေသရေနံမြေကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တောင်ဆူဒန်နှင့် ဆူဒန်သမ္မတနိုင်ငံ ဆက်ဆံရေးဆိုးရွားမှု ကုလသမဂ္ဂစိုးရိမ်

ခါတွမ် ဇန်နဝါရီ ၂၁

တောင်ဆူဒန်နိုင်ငံနှင့် ဆူဒန်သမ္မတနိုင်ငံတို့အကြား ဆက်ဆံရေးအခြေအနေ ဆိုးရွားလာခြင်းအတွက် ကုလသမဂ္ဂအနေဖြင့် အလွန်အမင်း စိုးရိမ်ပူပန်မှုဖြစ်ရကြောင်း ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဇန်နဝါရီ ၂၁ရက်တွင် ပြောကြားသည်။

တောင်ဆူဒန်နိုင်ငံအစိုးရအဖွဲ့သည် ဂျူဘာဒေသ၌ ရေနံထုတ်လုပ်မှုကို ပိတ်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးနောက် ဆူဒန်သမ္မတနိုင်ငံနှင့် တင်းမာမှုများ ပေါ်ထွက်လျက်ရှိသည်။ အဆိုပါနှစ်နိုင်ငံသည် ပိုက်လိုင်းသုံးစွဲမှု အခကြေးငွေ သတ်မှတ်ရေးကိစ္စနှင့် ပတ်သက်၍ အကြီးအကျယ်အငြင်းပွားမှုများ ပေါ်ထွက်ခဲ့သည်။

ဂျူဘာဒေသ၌ ရေနံထုတ်လုပ်မှုကို ရက်သတ္တနှစ်ပတ်အတွင်း အပြီးပိတ်သိမ်းမည်ဖြစ်ကြောင်း တောင်ဆူဒန်အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဘာနာဘာဘင်ဂျမင်က ပြောကြားသည်။ ရေနံတင်ပို့သည့်လုပ်ငန်းမှ မည်ကဲ့သို့သော အကျိုးအမြတ်များကိုမဆို မိမိတို့ခံစားရခြင်းမရှိသဖြင့် ယင်းကဲ့သို့ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဆူဒန်သမ္မတနိုင်ငံသည် ၎င်း၏ပိုင်နက်နယ်မြေအတွင်း ဖြတ်သန်းသွားသော ရေနံအတွက် ရေနံတစ်စည်လျှင် ၃၆ ဒေါ်လာနှုန်းဖြင့် တောင်ဆူဒန်ထံမှရရှိရန် တောင်းဆိုခဲ့သည်။ ဖော်ပြပါငွေကြေးပမာဏမှာ ရေနံတစ်စည်တန်ဖိုး၏ သုံးပုံတစ်ပုံခန့်နှင့်တူညီကြောင်း သတင်းတွင်ဖော်ပြသည်။

အင်တာနက်။

နေတိုးနှင့် အမေရိကန်လက်ဝယ်၌ တိုက်ချင်းပစ်ဒုံးပျံကာကွယ်ရေးအတွက် ဒုံးခွင်းဒုံး ၁၀၀၀ မျှ ပိုင်ဆိုင်ထား

မော်စကို ဇန်နဝါရီ ၂၁

ရုရှားနိုင်ငံမှ ပစ်လွှတ်သော တိုက်ချင်းပစ်ဒုံးပျံများကို ကြားဖြတ်ဖျက်ဆီးနိုင်စွမ်းရှိသည့် ဒုံးခွင်းဒုံး အစင်း ၁၀၀၀ မျှအား အမေရိကန်ပြည်ထောင်စုနှင့် အခြားသော မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)အဖွဲ့ဝင်နိုင်ငံများက ပိုင်ဆိုင်ထားကြောင်း ရုရှားလက်ထောက်ဝန်ကြီးချုပ် ဒီမစ်ထရီ ရိုဂိုဇင်က ဇန်နဝါရီ ၂၀ ရက်တွင် ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုနှင့် ၎င်း၏မဟာမိတ် နေတိုးအဖွဲ့ဝင်နိုင်ငံများလက်ဝယ်၌ ဒုံးခွင်းဒုံးစင်းရေ ၁၀၀၀ နီးပါးခန့်ရှိနေသည်ဟု ခန့်မှန်းရကြောင်း ရုရှားလက်ထောက်ဝန်ကြီးချုပ်က အသံလွှင့်ဌာနတစ်ခုသို့ ပြောကြားခဲ့သည်။

ဥရောပတိုက်တစ်ခွင်လုံးကို လွှမ်းခြုံကာကွယ်ပေးနိုင်ရန် ဒုံးကျည်ကာကွယ်ရေးစနစ်တစ်ရပ် တည်ဆောက်မည့် အမေရိကန်ပြည်ထောင်စုနှင့် နေတိုးအဖွဲ့တို့၏ စီမံချက်များအား ရုရှားနိုင်ငံက ကန့်ကွက်ထားသည်။

အမေရိကန်ပြည်ထောင်စုနှင့် နေတိုးအဖွဲ့တို့က ဒုံးကျည်ကာကွယ်ရေးစနစ်များကို ရုရှား၏ တာဝေးပစ်ဒုံးကျည်များအား ကြားဖြတ်ဖျက်ဆီးရေးအတွက် ရည်ရွယ်ဖြန့်ကြက်မည်ကို ရုရှားနိုင်ငံက စိုးရိမ်လျက်ရှိသည်။

အမေရိကန်ပြည်ထောင်စုက ဥရောပ၌ ဖြန့်ကြက်ရန် ရည်ရွယ်ထားသော ဒုံးခွင်းဒုံးစနစ်သည် ရုရှားနိုင်ငံအတွင်းပိုင်း ယူရယ်လ်တောင်တန်းဒေသအထိ ထိုးဖောက်နိုင်ကြောင်း ဒုံးကျည်ကာကွယ်ရေးစနစ်ဆိုင်ရာ ရုရှားကိုယ်စားလှယ်တစ်ဦးက ပြောကြားခဲ့သည်။

အင်တာနက်။

ချစ်သောကမ္ဘာမြေ ခရီးဆက်ရွက်လွှင့်နိုင်ရေး ---

ဦးဇေယျာကို (အမှုဆောင်အရာရှိချုပ်)
မြန်မာနိုင်ငံနက္ခတ်သိပ္ပံအဖွဲ့
နိုင်ငံတကာရေးရာနက္ခတ်သိပ္ပံသင်တန်းကျောင်း

နှစ်ဟောင်းကာလတစ်ခုကို လွန်မြောက်ကျော်လွန်၍ နှစ်သစ်ခရီးစဉ်တစ်ခု မွေးဖွားမှုနိဒါန်းအစမှာ ကျွန်တော်တို့ ကမ္ဘာကြီးတွင် ခရစ်နှစ်များ ပေါ်ထွန်းလာပြီးနောက် ပုံမှန်စီးဆင်းနေသောအကြောင်းတစ်ရပ် ဖြစ်ပေသည်။ လွန်ခဲ့သည့် ၂၀၀၉ ခုနှစ် ကာလများဆီက ၂၀၁၂ ခုနှစ်အတွင်း ကမ္ဘာကြီးကို နိဂုံးချုပ်စေလိုသော ထိုးနှက်ချက်များမှာ ဆိုးရွားစွာပြင်းထန်လွန်းလှသည်။ ကြုံတောင့်ကြုံခဲသတင်းဆန်းတစ်ပုဒ် ဖြစ်နေသည့်အတွက် ၂၀၁၂ ခုနှစ် ကျေးဇူးတော်ကြောင့် နေ့ချင်းညချင်း သူဌေးဖြစ်သွားသည့် ရုပ်ရှင်၊ စာပေမီဒီယာလုပ်ငန်းများကိုလည်း တွေ့နိုင်ပေလိမ့်မည်။ History ရုပ်သံလွှင့်ဌာနမှ ဆူမားရီးယန်းလူမျိုးများသုံးစွဲသော မာယာပြက္ခဒိန်၏ ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၁ ရက် နောက်ပိုင်းပြက္ခဒိန်ရက်စွဲများ မရှိတော့သည့် အကြောင်းအရင်းကိုအခြေခံ၍ နက္ခတ်သိပ္ပံပညာရပ်လမ်းကြောင်းပေါ်ရှိ ဝါသနာရှင်များ၏ ထင်မြင်ယူဆချက်၊ တွေ့ရှိဖော်ထုတ်ချက်များအရ ၂၀၁၂ ခုနှစ်၏ အနာဂတ်ကို စိတ်ဝင်စားဖွယ်ရိုက်ကူးထုတ်လွှင့်ပြသသွားခဲ့ပေသည်။ ထိုသတင်းဂယက်၏အရှိန်ကြောင့် အာကာသသိပ္ပံပညာရပ်ပိုင်းဆိုင်ရာ အဖွဲ့အစည်းများဖြစ်သည့် အမေရိကန် အာကာသသိပ္ပံ (NASA)မှ အစပြု၍ နိုင်ငံတကာရှိ အာကာသသိပ္ပံနည်းပညာအဖွဲ့အစည်းများအတွက် မေးခွန်းပေါင်းများစွာ၏ အဖြေတစ်ရပ်ကို နေ့စဉ်နှင့်အမျှ တာဝန်ယူဖြေကြားပေးနေရပေသည်။ ထိုရုပ်သံလွှင့်ဌာနမှ ၂၀၁၂ ခုနှစ် သတင်းဇာတ်လမ်းရိုက်ကူးရေးအစီအစဉ်တွင် အမေရိကန်နာဆာမှ တာဝန်ရှိသူအကြီးအကဲများ မပါရှိခြင်းမှာလည်း အံ့သြဖွယ်ရာ အချက်တစ်ချက် ဖြစ်နေပေတော့သည်။

ဂြိုဟ်နက္ခတ်ပညာရပ်တို့တွင် ကျွမ်းကျင်ပိုင်နိုင်သူများအဖြစ် သတ်မှတ်ခြင်းခံရသော ဆူမားရီးယန်း လူမျိုးများမှာ နတ်ဘုရားများကို ကိုးကွယ်ယုံကြည်ကြပြီး အတိတ်နိမိတ်များဖြင့် ကံကြမ္မာကို ဖတ်ကြားလေ့ရှိကြသည်။ ကောင်းကင်နက္ခတ်ကြယ်တာရာ လေ့လာမှုများတွင် မိမိတို့လူမျိုးများမှာ ကမ္ဘာပေါ်၌ ရှေးအကျဆုံးဟု လက်ခံယုံကြည်ထားပုံရပေသည်။ အဆိုပါလူမျိုးစုများ၏ ရိုးရာယဉ်ကျေးမှုအရသုံးစွဲခဲ့သော မာယာပြက္ခဒိန်မှာ ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် အဆုံးသတ်ထားပြီး ဆက်လက်ရေးဆွဲဖော်ပြထားခြင်း မရှိသည်ကို တွေ့ရှိရသဖြင့် အတိတ်နိမိတ်များကောက်ယူ၍ ၂၀၁၂ ခုနှစ်တွင် ကမ္ဘာပျက်ပြီဆိုသော အခြေအနေတစ်ရပ်အဖြစ် ရောက်ရှိလာခဲ့ရပေသည်။

အရှေ့တိုင်းနက္ခတ်ပညာရပ် ပေါ်ပေါက်လာခဲ့သော နိဒါန်းသမိုင်းကို ပြန်လည်ဖော်ထုတ်ပါက လွန်ခဲ့သောနှစ်ပေါင်း (၅၀၀၀)ကျော် --- ဘုရားမပွင့်မီ နှစ်ပေါင်း (၂၅၀၀) အထက်တွင် ပေါ်ပေါက်လာခဲ့သည့် ပညာရပ်တစ်ခုဖြစ်ကြောင်း တွေ့ရပေလိမ့်မည်။ အဆိုပါပညာရပ်ကို စတင်တီထွင်ဖန်တီးခဲ့သူများမှာ ဈာန်ရ သူတော်စင်ရသေ့ကြီးများဖြစ်ကြ၍ ကမ္ဘာ၌ ဘုရားပွင့်တော်မူလာလျှင် ကြိုတင်သိရှိနိုင်ရန်အတွက် အဆင့်ဆင့် လက်ဆင့်ကမ်း သင်ကြားပေးခဲ့ကြောင်း ကျမ်းဂန်များတွင် ဖော်ပြထားပေသည်။ ယင်းခေတ်ကာလအခြေအနေသည် ကမ္ဘာပေါ်ရှိ နက္ခတ်တာရာကြည့် မှန်ပြောင်းများမပေါ်ပေါက်သေးသည့်အတွက် ဂြိုဟ်များ၏ အရောင်အဆင်း၊ ရပ်တည်ရွေ့လျားနေမှု အခြေအနေများအား မဟာစကြဝဠာတံတိုင်းအပြင်ဘက်သို့ ဈာန်ဖြင့်ပျံသန်းပြီး လေ့လာရှာဖွေ



ဖော်ထုတ်ခဲ့သည်ဟု ယုံကြည်ယူဆရပေသည်။ ထူးခြားမှုအနေဖြင့် အဆိုပါရသေ့ကြီးများ ရှာဖွေဖော်ထုတ်ခဲ့သော ဂြိုဟ်များ၏ အခြေအနေအားလုံးသည် ယနေ့ခေတ်နက္ခတ်သိပ္ပံပညာရှင်များ ဖော်ထုတ်သတ်မှတ်ထားသော စံနှုန်းများဖြင့် အံ့သြလောက်အောင် တိုက်ဆိုင်မှုရှိကြောင်း တွေ့ရပေလိမ့်မည်။

သို့ဖြစ်၍ အရှေ့တိုင်းဒေသမှစတင်ပြီး နက္ခတ်သိပ္ပံပညာရပ်များသည် ကမ္ဘာ့နယ်မြေဒေသအရပ်ရပ်သို့ ပျံ့နှံ့ရောက်ရှိသည်ဟု အာရှမဇ္ဈိမဒေသပညာရှင်များကလည်း ဂုဏ်ယူဝင့်ကြွားသတ်မှတ်လိုကြပေသည်။ ကမ္ဘာပေါ်တွင် ဆူမားရီးယန်းလူမျိုးများသာ နက္ခတ်ပညာ စတင်သူ၊ ကျွမ်းကျင်တတ်မြောက်သူများမဟုတ်သည့်အပြင် အရှေ့တိုင်းမှ နက္ခတ်ပညာရပ်၏ ပေါ်ပေါက်ထွန်းကားမှုများမှာ ယင်းတို့၏ ရှေ့တွင်ရှိနေနိုင်ကြောင်း ငြင်းချက်ထုတ်မည်ဆိုက ထုတ်နိုင်ပေလိမ့်မည်။

ဆက်လက်၍ ကမ္ဘာကြီးကို ပျက်စီးပျောက်ကွယ်သွားစေလိုသည့် ပထမသတင်းတစ်ရပ်မှာ နီဘရူးဂြိုဟ်အဖြစ် အမည်ပေးထားသော (Planet X Nibiru) မှ စတင်ပေါ်ပေါက်လာခဲ့ပေသည်။ ကမ္ဘာကြီးအား ဖြိုခွဲဖျက်ဆီးရန် အနန္တစကြဝဠာအတွင်း ကြွေးကြော်ကြုံးဝါးနေသော နီဘရူးဂြိုဟ်အား အမေရိကန်အာကာသသိပ္ပံနာဆာမှ ၁၉၈၃ ခုနှစ်တွင် စတင်သတိပြုမိခဲ့ပြီး Planet X Nibiru အဖြစ်အမည်သတ်မှတ်ပေးခဲ့၍ ယင်းဂြိုဟ်အနေဖြင့် နေကို တစ်ပတ်ပတ်မိရန် နှစ်ပေါင်း (၃၆၀၀) ကြာနိုင်သည်ဟု တွက်ချက်သတ်မှတ်ထားပေသည်။ အဆိုပါဂြိုဟ်၏ အရွယ်အစားမှာ ကမ္ဘာ၏အရွယ်အစားထက် (၁၁)ဆခန့်ကြီးမားသော ကြာသပတေးဂြိုဟ်ခန့်ရှိနေပြီး အနီရောင်ဘက်သို့ သမ်းနေကြောင်း ထင်မြင်ယူဆကြသည်။ ဂြိုဟ်ပတ်လမ်းအား အချို့ပညာရှင်များက ကြာသပတေးနှင့် အင်္ဂါဂြိုဟ်ကြားရှိ စကြဝဠာဟင်းလင်းပြင်မှာ ရှိနိုင်သည်။ အချို့ကလည်း နေနှင့် ကမ္ဘာကြားမှာရှိလိမ့်မည်ဟု သုံးသပ်ကြပါသည်။ ကြာသပတေးဂြိုဟ်အရွယ်အစားလောက်သာရှိနေသော နီဘရူးဂြိုဟ်အနေဖြင့် နေမင်းနှင့် ယှဉ်လိုက်ပါက လွန်စွာသေးငယ်သော အခြေအနေသို့ရောက်ရှိသွားကြောင်း တွေ့နိုင်ပါလိမ့်မည်။ အကယ်၍ နေမင်းအရွယ်အစား ထက်ဝက်ခန့်ရှိသော ဂြိုဟ်တစ်လုံး ဖြစ်နေပြီး နေမင်းကဲ့သို့ ပူပြင်းတောက်လောင်သော စွမ်းအင်သတ္တိများ ထုတ်လွှတ်ပေးသော ဂြိုဟ်အမျိုးအစားဖြစ်နေပါက ကောင်းကင်တွင် နေနှစ်စင်းပေါ်သည်နှင့် အလားသဏ္ဌာန်တူညီသည့်အတွက် ကမ္ဘာတွင် ပျက်စီးဆုံးရှုံးမှုများ တွေ့ကြုံနိုင်ပေသည်။ ယင်းဂြိုဟ်အနေဖြင့် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် ကမ္ဘာကြီးအား လာရောက်တိုက်ခိုက်မိသည့်အတွက် ကမ္ဘာကြီးတွင် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်၍ ကမ္ဘာကြီးပျောက်ကွယ်သွားနိုင်ကြောင်းကိုလည်း မာယာပြက္ခဒိန်ကိုအခြေပြုပြီး ဆူမားရီးယန်းလူမျိုးများက တွက်ချက်ထားသယောင်ပြောဆိုကြသည်။ ယခုဖြစ်စဉ်အား နက္ခတ်သိပ္ပံနည်းပညာအမြင်ဖြင့် ရှုမြင်သုံးသပ်ကြည့်ပါက ဖြစ်နိုင်ခြေ(လုံး၀)မရှိသည့်အကြောင်းအား နာဆာမှ အောက်ပါအတိုင်း ရှင်းတမ်းထုတ်ထားပေသည်။

နီဘရူးဂြိုဟ်အား ၁၉၈၃ ခုနှစ်၌ (၁၀)လတာလေ့လာမှုများဆောင်ရွက်ပြီး အနီအောက်ရောင်ခြည်စွမ်းအား အရင်းအမြစ်များကို ရှာဖွေတွေ့ရှိခဲ့ပေသည်။ ထိုသို့တွေ့ရှိခဲ့သော ဂြိုဟ်သည် အမှန်တကယ်မရှိကြောင်း၊ ပလူတိုကဲ့သို့ ဂြိုဟ်ပု(Dwarf Planet) အဖြစ် ပြောဆိုသူများလည်း ရှိကြသည်။ အချို့က နီဘရူးအား အဲရစ်(Eris)အဖြစ်သတ်မှတ်၍ ကမ္ဘာဘက်သို့ အနီးကပ်ဆုံး မိုင်ပေါင်း လေးကုဋေထိ ရောက်ရှိလာနိုင်ကြောင်း တွက်ချက်ပြောဆိုကြသည်။ နီဘရူးဂြိုဟ် အမှန်တကယ်ရှိပြီး ကမ္ဘာကြီးနှင့် နီးကပ်လာခဲ့ပါက လွန်ခဲ့သော (၁၀)စုနှစ်လောက်မှစတင်၍ ကမ္ဘာပေါ်ရှိ နက္ခတ်ပညာရှင်များ လေ့လာတွေ့ရှိထောက်လှမ်းနိုင်ပေလိမ့်မည်။ ယခုအချိန်ထိ ကမ္ဘာ့မိုးကောင်းကင်တွင် နီဘရူးဂြိုဟ်ကို မတွေ့မြင်ရသဖြင့် နီဘရူးဂြိုဟ် အမှန်တကယ်မရှိကြောင်း ကျွန်တော်တို့လက်ခံရပေမည်။

ကျွန်တော်တို့နေထိုင်သော ကမ္ဘာအား နီဘရူးဂြိုဟ် ဝင်ရောက်တိုက်ခိုက်မှုနှင့် ပတ်သက်၍ ရှင်းလင်းရာတွင် ကမ္ဘာကြီးအား ကြယ်တံခွန်ဂြိုဟ်ပဲ့၊ ဥက္ကာပျံစသော အရာဝတ္ထုများအနေဖြင့် ဝင်ရောက်တိုက်ခိုက်မိသည့်ဖြစ်စဉ်မျိုး ပေါ်ပေါက်ခဲ့ဖူးကြောင်း၊ လွန်ခဲ့သော နှစ်ပေါင်း (၆၅)သန်းခန့်က ဒိုင်နိုဆောသတ္တဝါများ ပျောက်ကွယ်သွားလောက်သည်ထိ ပြင်းထန်ကြီးမားသော တိုက်ခိုက်မှုဖြစ်စဉ်မျိုးဖြစ်ပေါ်ခဲ့ခြင်းအား မှတ်တမ်းများအရ တွေ့ရှိရကြောင်း၊ သို့သော်ငြားလည်း မိမိတို့လက်ရှိနေထိုင်သော ကမ္ဘာကြီးသည် ယခုအချိန်ထိ နှစ်ပေါင်းကုဋေ (၄၀၀၀) ကျော် တည်တည်ငြိမ်ငြိမ်ရပ်တည်နိုင်သည့်အတွက် စိုးရိမ်စရာအခြေအနေ(လုံး၀)မရှိကြောင်း နာဆာမှ တာဝန်ရှိသူတစ်ဦးက သုံးသပ်ပြောကြားသွားခဲ့သည်။ ၂၀၁၁ နောက်ဆုံးလေ့လာဆန်းစစ်ချက်များအရ (Planet X Nibiru)သည် ကမ္ဘာကြီးအတွက် အန္တရာယ်အကျိုးသက်ရောက်မှု တစ်စုံတစ်ရာမရှိနိုင်ကြောင်း နိုင်ငံတကာရှိ နက္ခတ်သိပ္ပံပညာရှင်များ လက်ခံအတည်ပြုထားပြီး ဖြစ်ပေသည်။ (Planet X Nibiru)နှင့် ပတ်သက်၍ စိတ်ကူးယဉ်ဆန်ဆန် ပုံဖော်ထားသော ဂြိုဟ်ပတ်လမ်းကြောင်း သရုပ်ပြပုံများအား အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

ဆက်လက်၍ ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၁ ရက် ထပ်မံတုန်လှုပ်စေသော အကြောင်းကဏ္ဍတစ်ရပ်ကို တင်ပြဆွေးနွေးသွားပါမည်။

ကျွန်တော်တို့နေထိုင်သော ကမ္ဘာကြီးသည် စကြဝဠာ



ဟင်းလင်းပြင်အတွင်း စတင်ပေါ်ထွန်းချိန်မှစတင်၍ တစ်နှစ်လျှင် ပုံမှန် နှစ်ကြိမ် နေဖြင့်ယှဉ်တွဲ၍ နဂါးငွေ့တန်းဗဟိုချက်အား တစ်တန်းတည်းကျရောက်လေ့ရှိပါသည်။ အဆိုပါဖြစ်စဉ်အား Galaxy Alignment ဖြစ်စဉ်ဟုခေါ်ဆိုပြီး နှစ်စဉ်ဇွန်လနှင့် ဒီဇင်ဘာလများ၌ ပုံမှန်ဖြစ်ပေါ်တတ်ပါသည်။ ဇွန်လအတွင်း၌ ကမ္ဘာသည် Summer Solstice Point သို့ ရောက်ရှိပြီး Galaxy Alignment ဖြစ်စဉ်ကို ဖြစ်ပေါ်စေပါသည်။ နှစ်စဉ် ဒီဇင်ဘာလအတွင်း ကမ္ဘာသည် Winter Solstice Point သို့ ရောက်ရှိပြီး အဆိုပါဖြစ်စဉ်အား ဒုတိယအကြိမ်မြောက် ဖြစ်ပေါ်စေပါသည်။ အဆိုပါဖြစ်စဉ်နှစ်ရပ်အနက်မှ ဒီဇင်ဘာလဖြစ်စဉ်ကို ကိုးကား၍ "၂၀၁၂ ဒီဇင်ဘာ ၂၁ ရက်တွင် ကမ္ဘာသည် နဂါးငွေ့တန်းဗဟိုချက်နှင့် တစ်တန်းတည်းကျရောက်မှုကြောင့် ယင်း၏ဆွဲငင်အားကြောင့် ကမ္ဘာအပါအဝင် ဂြိုဟ်အားလုံး တစ်တန်းတည်းရပ်တည်သော ဖြစ်စဉ်ပေါ်ပေါက်ပြီး အဆိုပါဂြိုဟ်အားလုံးမှ ကမ္ဘာအားဆွဲငင်ခြင်းကြောင့် ကမ္ဘာတွင်တွန်းကန်အားနှင့် ဆွဲငင်အားများပြောင်းလဲပြီး ကြီးမားသော သဘာဝဘေးအန္တရာယ်များပေါ်ပေါက်၍ ကမ္ဘာကြီးပျက်စီးသွားမည်" ဟူ၍ ဖြစ်သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ အမှန်တကယ် ဖြစ်ပေါ်နိုင်ခြင်း ရှိ၊ မရှိ ရှာဖွေဆန်းစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည်။ ကျွန်တော်တို့နေထိုင်ရာကမ္ဘာကြီးသည် နေစကြဝဠာအဖွဲ့အစည်းအတွင်း ပါရှိသော ဂြိုဟ်တစ်လုံးဖြစ်ပြီး ကျွန်ုပ်တို့၏ နေစကြဝဠာအဖွဲ့အစည်း၌ Andromeda အမည်ရ Milky Way Galaxy (နဂါးငွေ့တန်းဂလက်ဆီ)တစ်ခုပါဝင်ကာ ယင်းနဂါးငွေ့တန်းသည် ကျွန်ုပ်တို့နှင့် အလင်းနှစ်ပေါင်းတစ်သန်းခွဲခန့် အကွာအဝေး၌ တည်ရှိနေပေသည်။ အလင်းရောင်၏ အမြန်နှုန်းသည် တစ်စက္ကန့်လျှင် မိုင် ၁၈၆၃၀၀ ဝေးကွာသည့်အတွက် အလင်းနှစ်တစ်နှစ်လျှင် မိုင်ပေါင်း ၅၈၇၅၁၅၆၈၀၀၀၀၀ ထိ ဝေးကွာလှပေရာ အလင်းနှစ်ပေါင်း တစ်သန်းခွဲအတွက် မိုင်ကုဋေကဋာပေါင်းများစွာ ဝေးကွာနေပေလိမ့်မည်။ နေနှင့် ကမ္ဘာသည် နဂါးငွေ့တန်းဂလက်ဆီ၏ ဗဟိုချက်ဖြင့် နှစ်စဉ်ဇွန်လတွင် တစ်ကြိမ်၊ ဒီဇင်ဘာလတွင်တစ်ကြိမ် ပုံမှန်တစ်တန်းတည်း ကျရောက်လေ့ရှိပြီး အဆိုပါဖြစ်စဉ်သည် ဖြစ်ရိုးဖြစ်စဉ်တစ်ခုသာ ဖြစ်ခြင်းကြောင့် နက္ခတ်သိပ္ပံရှုထောင့်အမြင်အရ ထူးခြားသော အကြောင်းအချင်းအရာမဟုတ်ပေ။ အထက်ပါအကြောင်းကိစ္စအား အခြေပြု၍ နဂါးငွေ့တန်းဗဟိုချက်နှင့် ကမ္ဘာတစ်တန်းတည်း ကျရောက်ချိန်တွင် ယင်း၏ ဆွဲငင်အားကြောင့် ကမ္ဘာနှင့် ဂြိုဟ်များ တစ်တန်းတည်းဖြစ်ပေါ်ပြီး ကမ္ဘာတွင် ပြင်းထန်သော သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်ကြောင်းကို အများပြည်သူ ထိတ်လန့်ဖွယ်သတင်းများအဖြစ် ဖန်တီးထုတ်ပြန်ထားပေသည်။ ယင်းနေ့ရက်မှာ ကမ္ဘာနှင့် နဂါးငွေ့တန်းဗဟိုချက် တစ်တန်းတည်းဖြစ်ပေါ်သော ၂၀၁၂ ဒီဇင်ဘာ ၂၁ ရက်နှင့် တိုက်ဆိုင်ကိုက်ညီရန် စီမံထားသည်ကို တွေ့နိုင်ပေလိမ့်မည်။

ကျွန်တော်တို့ နေထိုင်သော ကမ္ဘာကြီးအတွင်း ကမ္ဘာအပါအဝင် ဂြိုဟ်များအားလုံး တစ်တန်းတည်းကျရောက်ခဲ့သော ဖြစ်စဉ်မှာ ကလိယုဂ်စတင်ခဲ့သော ခရစ်တော်မပေါ်ပေါက်မီ BC ၃၁၀၁ ခုနှစ် ဧပြီ ၅ ရက်၌ ပေါ်ပေါက်ခဲ့ကြောင်း ဂြိုဟ်သွားဂြိုဟ်လာတွက်ကိန်းများအရ တွေ့ရှိရပါသည်။ အဆိုပါကာလသည် ဂေါတမဘုရားရှင် ပွင့်တော်မူရန်အတွက် နှစ်ပေါင်း (၂၄၀၀) ကျော်ခန့်အကွာတွင် ဖြစ်ပေသည်။ ထိုကဲ့သို့ ဂြိုဟ်များရပ်တည်ရန်အနေအထားအား နောင်အနာဂတ် နှစ်ပေါင်းများစွာ စောင့်ဆိုင်းရမည်ဖြစ်ပေသည်။ အဆိုပါကာလတွင် ထိုကဲ့သို့ ဂြိုဟ်အားလုံး၏ ပူးယှဉ်မှုကြောင့် မည်သည့်ဖြစ်စဉ်များ ပေါ်ပေါက်ခဲ့သည်ကို သမိုင်းမှတ်တမ်းများ မကျန်ရစ်သည့်အတွက် မသိရှိနိုင်ခဲ့ပါ။

သို့သော်လည်း ၂၀၁၂ ခုနှစ်အတွင်း အဆိုပါဂြိုဟ်အားလုံး၏ ပူးယှဉ်မှုဖြစ်စဉ်(လုံး၀) မဖြစ်ပေါ်နိုင်ကြောင်းကို ဂြိုဟ်သွားတွက်ကိန်းများဖြင့် အဖြေရှာသိရှိနိုင်ပေသည်။ အထူးသဖြင့် မိုင်ကုဋေပေါင်းများစွာဝေးကွာသော နဂါးငွေ့တန်းဗဟိုချက်မှဆွဲငင်အားသည် နေစကြဝဠာအဖွဲ့အစည်းအတွင်း ကမ္ဘာအပါအဝင် ဂြိုဟ်များ၏ သွားလာမှု ဂြိုဟ်ပတ်လမ်းကြောင်းအား ပြောင်းလဲရန်အတွက် စွမ်းဆောင်နိုင်မည်မဟုတ်ပေ။ ကမ္ဘာအပါအဝင် ဂြိုဟ်အသီးသီးသည် နေမင်း၏ ဆွဲငင်လွှမ်းမိုးမှုအရှိန်ကြောင့် နေနှင့် အနီးအဝေး၊ ဂြိုဟ်တို့၏ အရွယ်အစားအပေါ်မူတည်၍ ဂြိုဟ်ပတ်လမ်းကြောင်းအတွင်း ရွေ့လျားသွားလာနေရပြီး နေကို တစ်ပတ်ပတ်မိချိန် အချိန်ကာလများသည် တစ်ခုနှင့်တစ်ခု မတူညီကြပေ။ နေနှင့်အနီးဆုံး ဂြိုဟ်ဖြစ်သည့် ဗုဒ္ဓဟူးဂြိုဟ်သည်နေကို ၈၈ ရက်တာကာလအတွင်း တစ်ပတ်ပတ်နိုင်၍ ကမ္ဘာမှနေကို တစ်ပတ်ပတ်မိရန် ရက်ပေါင်း ၃၆၅ ရက်ခန့် ကြာမြင့်ပေလိမ့်မည်။ အလားတူစွာ နေနှင့်အဝေးဆုံးတွင်ရှိသော ပလူတိုဂြိုဟ်မှာ နေအား တစ်ပတ်ပတ်မိရန် နှစ်ပေါင်း (၂၄၈)နှစ်ခန့် ကြာမြင့်ပေသည်။

အဆိုပါ ဆွဲငင်မှုအခြေခံသဘောတရားအရ မိမိတို့ကမ္ဘာနှင့် အခြားသောဂြိုဟ်များကို နေစကြဝဠာအတွင်းရှိ အရွယ်အစားအကြီးမားဆုံးဖြစ်သော နေမင်းသည်ပင်လျှင် အကွာအဝေးနှင့် အရွယ်အစားသီအိုရီကိုကျော်လွန်၍ မိမိစိတ်တိုင်းကျ စိုးမိုးခြယ်လှယ်ခွင့် မရရှိနိုင်ပေ။ နေစကြဝဠာဖြင့် များစွာ အလှမ်းကွာဝေးသော နဂါးငွေ့တန်းဗဟိုချက်မှ ကျွန်ုပ်တို့ နေစကြဝဠာအဖွဲ့အစည်းအား အနိုင်စိန်ခေါ်နိုင်ခွင့်ရှိ၊ မရှိကို စာဖတ်သူများ စဉ်းစားချိန်ဆနိုင်ပေလိမ့်မည်။

အရှေ့တိုင်းနက္ခတ်ပညာရပ်ဝန်း၌ ထင်ပေါ်ကျော်ကြားသော သူရိယသိဒ္ဓန္တနက္ခတ်ကျမ်းတွင် ကမ္ဘာကြီး၏ သက်တမ်းအား တွက်ချက်နိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။ အဆိုပါကျမ်းကို 'မယ'အမည်ရှိ အသူရာနက္ခတ်ဆရာမှ ရေးသားသည်ဟု ယူဆရပေသည်။ အာဆီးရီးယား(သို့)ဘေဘီလိုးနီးယားတိုင်းပြည်များသည် ဂရိနှင့် ရောမပြည်များ မထွန်းကားမီ တိုးတက်ထွန်းကားခဲ့ခြင်းကြောင့် 'မယ' အသူရာသည် အာဆီးရီးယန်း(သို့)ဘေဘီလိုးနီးယန်းတစ်ဦး ဖြစ်နိုင်ပေသည်။ ကျမ်းအား မည်သည့်ကာလ၌ ရေးသားခဲ့ခြင်းကို အတိတကျ မသိရှိရသော်လည်း တွက်ချက်ကိန်းများသည် များစွာသိပ္ပံနည်းကျ၍ ခေတ်ရှေ့ပြေးသော ကျမ်းတစ်ဆူဖြစ်ပေသည်။ အဆိုပါကျမ်း ကမ္ဘာကြီး၏သက်တမ်းကို တွက်ချက်နိုင်သည့် သင်္ချာစနစ်တစ်ခုအား ထည့်သွင်းဖော်ပြပေးထားသည်။ အဆိုပါစနစ်တွင် ကမ္ဘာကြီး၏ သက်တမ်းအား ကပ်တစ်ကပ်ဖြင့် ဖွဲ့စည်းထားပြီး စတုယုဂ်ပေါင်း ၁၀ ဖြင့် ညီမျှပေသည်။ စတုယုဂ်တစ်ခုတွင် နှစ်ပေါင်း (၄၃၂၀၀၀၀)လေးသန်းသုံးသိန်းနှစ်သောင်း ပါဝင်၍ စတုယုဂ်တစ်ခုအား ယုဂ်လေးပါးဖြင့် တည်ဆောက်ထားသည်။

ပါဝင်သော ယုဂ်အမည်များနှင့် သက်တမ်းကာလများမှာ ကတယုဂ် (Golden Age) ၁၇၂၈၀၀၀ နှစ်၊ တြေတြယုဂ် (Silver Age)၁၂၉၆၀၀၀ နှစ်၊ ဒွါပရယုဂ် (Brazen Age) ၈၆၄၀၀၀နှစ်၊ ကလိယုဂ် (Iron Age) ၄၃၂၀၀၀ နှစ်တို့ ဖြစ်ကြသည်။ ယခုလက်ရှိ ရောက်ရှိနေသော ခေတ်ကာလမှာ ကလိယုဂ်ကာလဖြစ်ပြီး ယင်းယုဂ်ကို BC ၃၁၀၁ မှာ စတင်ခဲ့၍ မိဿရာသီ၌ ဂြိုဟ်အားလုံး စုစည်းရပ်တည်ချိန်၊ နေကြတ်ချိန်ဖြင့် စတင်ခဲ့ကြောင်း တွေ့ရပေလိမ့်မည်။ ကျွန်တော်တို့နေထိုင်သော ကမ္ဘာကြီးသည် ကလိယုဂ်၏ သက်တမ်း (၅၁၁၃)နှစ်အား ဖြတ်ကျော်ပြီးချိန်ဖြစ်သည့်အတွက် ယင်းယုဂ်ကုန်ဆုံးရန်အတွက် (၄၂၆၈၈၇)နှစ် ကျန်ရှိနေပေသည်။ ကလိယုဂ်၏ သက်တမ်းကုန်ဆုံးပြီးသွားပါက ကတယုဂ်မှ ပြန်စရမည်ဖြစ်သည့်အတွက် ကမ္ဘာကြီး၏ ကြီးမားသော ပြောင်းလဲမှုအခြေအနေများ ထူးခြားစွာဖြစ်ပေါ်၍ လူ့သမိုင်းကြောင်းယဉ်ကျေးမှုများအား အသစ်မှတစ်ဖန် ပြန်လည်တည်ဆောက် စတင်ရမှုများ ဖြစ်ကောင်းဖြစ်လာနိုင်ပေသည်။ သို့ဖြစ်၍ ကမ္ဘာကြီး၏ သက်တမ်းသည် သူရိယသိဒ္ဓန္တနက္ခတ်ကျမ်း တွက်ကိန်းအရ နှစ်ပေါင်း လေးသိန်းကျော် ကျန်ရှိနေပေသည်။

လောက၏ နိယာမသဘောအရ သက်ရှိများ၌ အိုခြင်း၊ နာခြင်း၊ သေခြင်းတရားများရှိသကဲ့သို့ ကျွန်တော်တို့ကမ္ဘာမြေမှာလည်း နုပျိုလန်းဆန်းသော ကမ္ဘာမြေဆီမှ အိုမင်းရင့်ရော်အရောင်တွေပြောင်းလဲသွားမည့် ကမ္ဘာအိုအသွင်သို့ တစ်နေ့သောအချိန်၌ ရောက်ရှိသွားရပေလိမ့်မည်။ ၁၈၀၀-၁၉၀၀ ပြည့်နှစ် ကမ္ဘာကြီး၏ ရာသီဥတုစိမ်းလန်းငြိမ်းချမ်းမှု၊ အပူဒဏ်အခြေအနေနှင့် ၂၀၀၀ ပြည့်နှစ် ၂၁၀၀ ပြည့်နှစ်ကမ္ဘာကြီး၌ ဖောက်ပြန်ပြောင်းလဲလာသောရာသီဥတု၊ တိုးမြင့်လာသော အပူဒဏ်အခြေအနေများသည် ဘုရားရှင်ဟောကြားတော်မူခဲ့သော ဆုတ်ကပ်သို့ ခရီးနှင်နေချိန်ကြောင့် ဖြစ်ပေသည်။ ၂၀၁၂ ၏ ခုနှစ်ရထားကြီးမှာ ကျွန်တော်တို့ လူသားတွေဆီသို့ ဖြည်းဖြည်းနှင့်မှန်မှန် ခုတ်မောင်းလို့လာနေပါပြီ။ စိုးရိမ်ပူပန်မှုလွန်ကဲသူအချို့၏ တုန်လှုပ်ချောက်ချားဖွယ် စကားလုံးခါးခါးများအား မိမိတို့၏ မြင့်မားသော အသိဉာဏ်ပညာများဖြင့် စဉ်းစားချင့်ချိန်ဝေဖန်သုံးသပ်ပြီးမှ ၂၀၁၂ ကို ရဲရဲဝံ့ဝံ့ ဖြတ်ကျော်သင့်ပေသည်။ တစ်နည်းအားဖြင့် အသိ၊ သတိ၊ မေတ္တာတရားများဖြင့် ပတ်ဝန်းကျင်စိမ်းလန်းမှုကို ထိန်းသိမ်းကူညီ၍ ၂၀၁၂ မှ . . . အသေချာအနန္တတည်တံ့သည်ထိ ချစ်သောကမ္ဘာမြေ ခရီးဆက်ရွက်လွှင့်နိုင်ရေးအတွက် ဝိုင်းဝန်းဖေးမစောင့်ရှောက်သင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။

ရှမ်းပြည်နယ်ကျန်းမာရေးဦးစီးဌာန ၂၀၁၂ ခုနှစ် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၁

ရှမ်းပြည်နယ်ကျန်းမာရေးဦးစီးဌာန၏ ၂၀၁၂ ခုနှစ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇန်နဝါရီ ၁၉ ရက် နံနက် ၉ နာရီတွင် တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး အစည်းအဝေးခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်အောင်နှင့် တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီး ဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ မြို့နယ်ကျန်းမာရေးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံအားပေး

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး အမျိုးသမီးနှင့် ကလေးဆေးရုံဝင်းအတွင်း လှည့်လည်ကြည့်ရှုကာ သင်တန်းတက်ရောက်နေသည့် သင်တန်းသူများအား တွေ့ဆုံအားပေးခဲ့ကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

မော်လူးစံပြကျေးရွာ တိုက်နယ်ဆေးရုံဝင်း ဓာတ်မှန်ဆောင် ဆောက်လုပ်ရန် ပန္နက်တိုင်စိုက်

မော်လူး ဇန်နဝါရီ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးစံပြကျေးရွာ တိုက်နယ်ဆေးရုံဝင်း ဓာတ်မှန်ဆောင် ဆောက်လုပ်ရန် ပန္နက်တိုင်စိုက် အခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၇ နာရီခွဲတွင် အဆိုပါတိုက်နယ်ဆေးရုံဝင်း၌ ကျင်းပရာ ဓာတ်မှန်ဆောင် ပန္နက်တိုင်ကို တိုက်နယ်ဆရာဝန် ဒေါက်တာဖြိုးကျော်အောင်က စိုက်ထူပြီး**(အောက်ပုံ)** ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြသန်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ အသီးသီး တက်ရောက်ကြသည်။ ဓာတ်မှန်ဆောင်၏ အဆောက်အအုံဧရိယာ အကျယ်အဝန်းမှာ ၁၀ ပေခန်း ၃ ခန်း ပတ်လည်ဖြစ်သည်ဟု သိရသည်။ (ကြေးမုံ)

စိုက်ပျိုးနိုင်သော လယ်ယာမြေများအား အကွက်ရိုက်ရောင်းချပါက အရေးယူမည်

ပြင်ဦးလွင် ဇန်နဝါရီ ၂၁

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် ICT ဇုန် ဖွင့်လှစ်ခြင်း၊ ရတနာပုံဆိုက်ဘာစီးတီး တည်ဆောက်ခြင်းတို့နှင့်အတူ ပြင်ဦးလွင်-မိုးကုတ် လမ်းမကြီး ဖောက်လုပ်ခြင်းတို့ကြောင့် ပြင်ဦးလွင်မြို့နယ်အတွင်း မြေကွက်ဈေးများ အဆမတန်မြင့်တက်ခဲ့သည်။ ရန်ကုန်မြို့ရှိ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ မန္တလေးမြို့ရှိ စီးပွားရေးသမားများက မန္တလေး-ပြင်ဦးလွင်လမ်းဘေးရှိ ပြင်စာ၊ သုံးတောင်၊ အောင်ချမ်းသာ၊ ဒိုးကွင်၊ အနီးစခန်း ကျေးရွာများရှိ စိုက်ပျိုးနိုင်သော လယ်ယာမြေများအား ဧကလိုက် ငွေကျပ် သိန်းထောင်ချီပေး၍ ဝယ်ယူပြီး အကွက်များ ရိုက်ကာ ပေ၄၀၊ ပေ ၆၀ အကွက်များအား တစ်ကွက် ငွေကျပ် သိန်း ၃၀၀ ဝန်းကျင်ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်ဖြင့် ပြင်ဦးလွင်မြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီက စိုက်ပျိုးနိုင်သော လယ်ယာမြေများအား စိုက်ပျိုးရေး လုပ်ငန်း မပြုလုပ်ဘဲ ခြံကွက်ရိုက် ရောင်းချခြင်း၊ အဆောက်အအုံ ဆောက်လုပ်ခြင်း စသည့် အခြားနည်းများ အသုံးပြုပါက မြေယာဥပဒေအရ တရားစွဲဆို၍ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးတားမြစ်ထားကြောင်း သိရသည်။ (သီဟကိုကို)

နိုင်ငံခြားခရီးသွားဧည့်သည်များ မန္တလေး ဂေါဝိန်ဆိပ်ကမ်းမှတစ်ဆင့် သင်္ဘောဖြင့် ပုဂံ-ညောင်ဦးဒေသသို့ သွားရောက်လည်ပတ်လေ့လာမှုများပြား

မန္တလေး ဇန်နဝါရီ ၂၁

မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသည့် မန္တလေးမြို့ရောက် နိုင်ငံခြားခရီးသွားဧည့်သည်များသည် ယခုရက်ပိုင်းအတွင်း ဂေါဝိန်ဆိပ်ကမ်းမှ တစ်ဆင့်သင်္ဘောဖြင့် စီးနင်းလိုက်ပါလျက် ပုဂံ-ညောင်ဦးဒေသသို့ သွားရောက်လည်ပတ်လေ့လာမှု ယခင်ကထက် ပိုမိုများပြားလာကြောင်း သိရသည်။

"နိုင်ငံခြားခရီးသွားဧည့်သည်ဝင်ရောက်လာမှုကလည်း အရင်ကထက် ပိုများလာတယ်။ မန္တလေးရောက်ပြီး ပုဂံ-ညောင်ဦးဘက်သွားချင်ရင် သင်္ဘောနဲ့ သွားလည်တာ များလာတယ်။ ကမ္ဘာ့ခရီးသွားလာဖို့ အကောင်းဆုံး နေရာတွေထဲမှာ မြန်မာနိုင်ငံက တတိယနေရာရှိတယ်လို့ သတ်မှတ်ထားပြီးတော့ နိုင်ငံခြားသားခရီးသွားတွေက အရင်ထက် မြန်မာနိုင်ငံကို ပိုမိုစိတ်ဝင်စားလာတာရယ်ကြောင့် နိုင်ငံခြားခရီးသွားဧည့်သည် ဝင်ရောက်လာမှု ပိုမိုတိုးတက်လာတာဖြစ်မှာပါ။ နိုင်ငံခြားခရီးသွားဧည့်သည် ပိုမိုဝင်ရောက်လာတာ နိုင်ငံခြားဝင်ငွေတိုးတဲ့အပြင် မြန်မာနိုင်ငံအကြောင်းကို ကမ္ဘာ့နိုင်ငံတွေက ပိုမိုသိရှိလာမှာဖြစ်လို့ ကျွန်တော်တို့က နွေးထွေးပျူငှာစွာ ကြိုဆိုကြရမှာပါ။ မန္တလေးကနေ ညောင်ဦးထိ နိုင်ငံခြားသားခရီးသွားဧည့်သည်တစ်ဦးကို ဒေါ်လာ ၄၀ ယူပါတယ်။ ပြည်တွင်းခရီးသွားတစ်ဦးကတော့ ကျပ်တစ်သောင်း ဖြစ်ပါတယ်"ဟု မြန်မာ့ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

မန္တလေးမြို့သည် ရှေးဟောင်းမြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ အများဆုံး ထိန်းသိမ်းထားရှိသည့် နေရာဖြစ်ပြီး နိုင်ငံ၏ နောက်ဆုံးကုန်းဘောင်မင်းဆက် သီပေါမင်း နန်းစိုက်စိုးစံခဲ့ရာ မင်းနေပြည်တော်ဟောင်းလည်း ဖြစ်သောကြောင့် ကုန်းဘောင်ခေတ်နှောင်းပိုင်း အနုပညာလက်ရာများ၊ သမိုင်းဝင်ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ တစုတစည်းတည်း များပြားစွာ တည်ရှိရာအရပ်ဖြစ်သောကြောင့် နိုင်ငံခြားခရီးသွားဧည့်သည်များ အများဆုံး လာရောက်လည်ပတ်လေ့လာကြခြင်း ဖြစ်ကြောင်း သိရသည်။ (၅၇၉)

တွံတေးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၂၁

တွံတေးမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၈ နာရီတွင် ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံကြီး (ဗိုလ်တထောင်စေတီရင်ပြင်တော်၊ ဆိပ်ကမ်းမြို့နယ်)၌ ကျင်းပမည်ဖြစ်သည်။

သက်ကြီးပူဇော်ပွဲအတွက် (၇၅)နှစ်နှင့်အထက် အသင်းဝင်များ၊ အသင်းဝင်များ၏ မိဘများ၊ ၂၀၁၀ ခုနှစ်နှင့် ၂၀၁၁ ခုနှစ်တို့တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများ၊ နိုင်ငံတော်အဆင့် စာပေ၊ ဂီတ၊ သဘင်၊ အားကစားတွင် ပထမ၊ ဒုတိယ၊ တတိယရရှိသူများနှင့် ပရိယတ္တိသာသနာ နုဂ္ဂဟစာမေးပွဲ အောင်မြင်သူများအား ဆုချီးမြှင့်နိုင်ရန် အမည်စာရင်းများကို ဇန်နဝါရီ ၂၇ ရက်နောက်ဆုံးထား၍ ဒေါ်သင်းသင်း ဖုန်း-၅၆၅၈၈၁၊ ဦးကျော်မြင့် ဖုန်း-၅၃၄၁၁၃၊ ဒေါ်ကြင်ကြင် ဖုန်း-၃၉၆၃၃၀ တို့တွင် ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ကျိုက္ကမီမြို့နယ်အသင်း(ရန်ကုန်)၏ အကြိမ်(၂၀)မြောက် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၈ ရက်က ကျိုက္ကမီကျောင်းတိုက်၌ ကျင်းပရာ ၂၀၁၀-၂၀၁၁ တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးရှင် မရတနာစုအောင်အား ပညာရေးအလှူရှင် ဒေါ်ခင်ကြွယ် (ကုမ္ပဏီကြွယ်မိသားစု)က ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

မြတ်ဂုဏ်ရည် စာကြည့်တိုက်ဖွင့်လှစ်

ပြင်ဦးလွင် ဇန်နဝါရီ ၂၁

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် အမှတ်(၃)နယ်မြေ ရပ်ကွက်ကြီး (၁၇) ဈေးကုန်းရပ်ရှိ မြတ်ဂုဏ်ရည်စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ မြတ်ဂုဏ်ရည်စာကြည့်တိုက်အား မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအောင်ဌေးကျော်၊ ပြင်ဦးလွင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးလင်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသော်တာစိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(အောက်ပုံ)** စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

မြတ်ဂုဏ်ရည် စာကြည့်တိုက်သည် အလျား ပေ ၃၀၊ အနံ ၂၇ ပေနှင့် အုတ်ကာ သွပ်မိုး တစ်ထပ်ဖြစ်ပြီး စုစုပေါင်းကုန်ကျငွေ ၄၂ သိန်းကျော် အကုန်အကျခံ ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြင်ဦးလွင်မြို့ အနီးစခန်း ရပ်ကွက်ကြီး (၁၇)တွင် ထွန်းလင်းရောင် စာကြည့်တိုက် ဆောက်လုပ်မည့်မြေနေရာအား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအောင်ဌေးကျော်နှင့် တာဝန်ရှိသူများက နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် သတ်မှတ်နေရာတွင် ပန္နက်ရိုက်ပေးခဲ့ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

စဉ့်ကိုင်မြို့နယ် ကံသာအေးကျေးရွာ ပန်းကုံ့ကော်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

စဉ့်ကိုင် ဇန်နဝါရီ ၂၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီတွင် နိုင်ငံတော် မတည်ငွေဖြင့် ဆောက်လုပ်ထားသည့် ကံသာအေးကျေးရွာ ပန်းကုံ့ကော်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ၊ စာအုပ်စာစောင်၊ ငွေပဒေသာပင်၊ ရေဒီယို၊ ရုပ်မြင်သံကြား လှူဒါန်းပွဲအခမ်းအနားကို ကျင်းပရာ အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးညီညီနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်ဇော်တို့က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ ဦးသန်းဝင်းက ၂၁ လက်မ ရောင်စုံရုပ်မြင်သံကြားပြစက် တစ်လုံး၊ အလှူရှင် စေတနာရှင်များက ပရိဘောဂ ပစ္စည်းများ၊ ငွေပဒေသာပင်နှင့် စာအုပ်စာစောင်များ၊ မြို့နယ်ဦးစီးမှူးက ရေဒီယို တစ်လုံး တို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့်စာအုပ်၊ စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီ ဆောင်ရွက်လျက်ရှိသဖြင့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ဆက်လက်၍ ပန်းကုံ့ကော်စာကြည့်တိုက် အဆောက်အအုံသစ်အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်ဇော်၊ ခရိုင်ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုး၊ မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်ထွေးနှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးဌေးလှတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါစာကြည့်တိုက်သည် နိုင်ငံတော် မတည်ငွေကျပ် ၁၀ သိန်းနှင့် ပြည်သူလူထုထည့်ဝင်လှူဒါန်းငွေကျပ် သိန်း ၂၀ ကျော် စုစုပေါင်း ငွေကျပ် သိန်း ၃၀ ကျော် အကုန်အကျခံကာ သွပ်မိုး၊ နံကပ် အလျား ၂၄ ပေ၊ အနံ ၁၈ ပေ ကျယ်ဝန်းကြောင်း သိရှိရသည်။

(၆၁၈)

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား IMF ၏ Asia and Pacific Department မှ Deputy Division Chief, Ms.Meral Karasulu ဦးဆောင်သော 2011 IMF Article IV Consultation Mission အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား IMF ၏ Asia and Pacific Department မှ ဧည့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၁

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား IMF ၏ Asia and Pacific Department မှ Deputy Division Chief, Ms.Meral Karasulu ဦးဆောင်သော 2011 IMF Article IV Consultation Mission အဖွဲ့သည် ယမန်နေ့ ညနေပိုင်းတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဆိုင်ရာကိစ္စရပ်များ၊ ငွေရေးကြေးရေးစနစ် တည်ငြိမ်ကောင်းမွန်ရေးဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံခြားငွေလဲလှယ်နှုန်း ပေါင်းစည်းရေးနှင့် စပ်လျဉ်း၍ အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးကြသည်။

ယင်းသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဥတုရာသီ တောကိုမှီ၏

နိုင်ငံတော်အစိုးရ၏ သတ်မှတ်ဈေးနှုန်းအတိုင်းသာ ထီလက်မှတ်များ ရောင်းချပါမှ ဥပဒေကိုလေးစားရာရောက်

"ကြပ်မတ်စီစဉ်သင့်သည့် ထီဆိုင်များ" ဆိုသော သတင်းတစ်ပုဒ်ကို ဖတ်ရသည့်အခါအံ့ဩသွားမိပါသည်။ အဘယ်ကြောင့်ဆိုသော် မက်လုံးပေးပြီး အဆမတန်ဈေးတင်၍ ရောင်းချနေမှုမှာ ဥပဒေနှင့်မညီဖြစ်နေကြောင်း ပြည်သူ့လွှတ်တော်၌ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက တင်ပြခဲ့သည်။ ဂျာနယ်များတွင် ပညာပေးရေးသားမှု ရှိခဲ့သော်လည်း ထီရောင်းချသူများမှ ပြည်သူများအပေါ် ကိုယ်ချင်းစာမှုမရှိကြသေးသည့်အပြင် နိုင်ငံတော်အစိုးရမှ တရားဥပဒေစိုးမိုးရေးအား ဆောင်ရွက်နေသည်ကို လေးစားလိုက်နာမှုမရှိဘဲ ယနေ့အထိ ဈေးတင်ရောင်းချနေကြောင်း သိလိုက်ရ၍ ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရက ဈေးနှုန်းသတ်မှတ်ထားသော်လည်း ပြန်လည်ရောင်းချသောသူများက အဆမတန်ဈေးတင်၍ ရောင်းနေသည်။ ထီတစ်အုပ်တွင် ထီ ၁၁ စောင်ထည့်ထားကာ ၁၀ စောင်၏ တန်ဖိုးကိုသာ ပေးသွင်းစေပြီး တစ်ဆင့် ပြန်လည်ရောင်းချသူများအတွက် နိုင်ငံတော်အစိုးရက အပိုထည့်ပေးထားပြီး ဖြစ်ပါသည်။ သို့သော်လည်း ထီရောင်းချသူများက စိတ်ကြိုက်ဈေးတင်ပြီး ရောင်းနေသည်မှာ ရာဇသတ်ကြီးအက်ဥပဒေ(ပြစ်မှုဆိုင်ရာဥပဒေ) ပုဒ်မ-၂၉၄(က)အရ ငြိစွန်းနေသည့်အပြင် လောင်းကစားဥပဒေနှင့်လည်း အကျုံးဝင်သည်ကို သိစေလိုပါသည်။ ယင်းမူရင်းဥပဒေကို ပြည်သူများအား ဗဟုသုတအနေဖြင့် သိစေလို၍ တင်ပြရပါလျှင် -

ရာဇသတ်ကြီးအက်ဥပဒေပုဒ်မ ၂၉၄(က)

။ ။ "မည်သူမဆိုအစိုးရ၏ အခွင့်အမိန့်မရရှိဘဲ ထီဖွင့်ရန်အလို့ငှာ သို့တည်းမဟုတ် ထီပွဲကို အားပေးအားမြှောက်ပြုရန်အလို့ငှာ သို့တည်းမဟုတ် ထီပွဲကို စီမံကျင်းပရန်အလို့ငှာ ရုံတစ်ခုခုကိုသော်လည်းကောင်း၊ နေရာတစ်ခုခုကိုသော်လည်းကောင်း ထားရှိလျှင် ထိုသူကို ခြောက်လထိ ထောင်ဒဏ်တစ်မျိုးမျိုး ဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။"

"မည်သူမဆို ထီပွဲတစ်ခုခုတွင် ထီလက်မှတ်များ သို့တည်းမဟုတ် ကံစမ်းခွင့်များကို ထီလက်မှတ်ပေါ်တွင် ဖော်ပြထားသည့်အတိုင်း ရောင်းရင်းတန်ဖိုးအပြည့်ရရှိ၍ ရောင်းခြင်းမဟုတ်ဘဲ အခြားနည်းထုတ်ဝေလျှင် သို့တည်းမဟုတ် ထုတ်ဝေရန်ကမ်းလှမ်းလျှင် သို့တည်းမဟုတ် ထုတ်ဝေရန် ကြော်ငြာလျှင် ထိုသူကို ကျပ်တစ်ထောင်ထိ ငွေဒဏ်ချမှတ်ရမည်" ဟု ပြဋ္ဌာန်းထားပါသည်။

ထီလက်မှတ်များအား ဆိုင်ဖြင့်လည်းကောင်း၊ မော်တော်ယာဉ်၊ လက်တွန်းလှည်း၊ စက်ဘီး၊ ဆိုင်ကယ်နှင့် လက်ပွေ့ရောင်းချသူများ၊ ယင်းဆိုင်တွင် လုပ်ကိုင်နေသော ဝန်ထမ်းများသည် သတ်မှတ်ဈေးနှုန်းထက်ပို၍ ကြော်ငြာခြင်း၊ ပြောဆိုစည်းရုံးခြင်းများဖြင့် ရောင်းချနေလျှင် ရာဇသတ်ကြီးအက်ဥပဒေအရ တရားစွဲဆိုခံရပါမည်။ တချို့ ထီရောင်းချနေသူများနှင့် ဝန်ထမ်းများမှာ ဘာမျှမသိနားမလည်ကြသည့်အပြင် သိရအောင်လည်း ဥပဒေများကို လေ့လာမှုအားနည်းကြပါသည်။

မည်သို့ပင်ဆိုစေကာမူ သိသည်ဖြစ်စေ မသိသည်ဖြစ်စေ မိမိ၏ဆောင်ရွက်မှုသည် ဥပဒေပါ အကြောင်းအရာများနှင့် အကျုံးဝင်နေပါက တရားဆွဲဆိုခံရမည် ဖြစ်ပါသည်။ ယခုအခါ အစိုးရက ပြည်သူများအပေါ် စေတနာထားပြီး လာမည့် (၂၇)ကြိမ်မြောက် ဖေဖော်ဝါရီလတစ်ရက်တွင်ဖွင့်မည့် အောင်ဘာလေ၌ အထူးဆု ကျပ်သိန်း ၁၅၀၀ ထည့်သွင်းဖွင့်လှစ်ပေးမည်ကို အသုံးချ၍ အဆမတန် ဈေးတင်ရောင်းချနေသည်မှာ အရုပ်ဆိုးလှပါသည်။

ထီရောင်းချသူများ အနေဖြင့် မိမိ၏အသိတရားဖြင့် သတ်မှတ်ဈေးနှုန်းအတိုင်းသာ ရောင်းသင့်ပါသည်။ ထီကံစမ်းသူများကလည်း သတ်မှတ်ဈေးထက်တင်၍ ရောင်းနေသည်ကို တွေ့ရပါက သက်ဆိုင်ရာသို့ တိုင်ကြားရမည် ဖြစ်ပါသည်။ လူသိရှင်ကြား ကြော်ငြာ၍ သတ်မှတ်ဈေးထက် ဈေးတင်၍ ရောင်းနေသောဆိုင်နှင့် ရောင်းချနေသူများအပေါ် သက်ဆိုင်ရာအဖွဲ့အစည်းများကလည်း အရေးယူဆောင်ရွက်ပေးရန် လိုအပ်နေပါသည်။

ထိုကဲ့သို့ ထီလက်မှတ်များအား ဈေးတင်၍ရောင်းချနေမှုများ ယနေ့အထိ ဆက်လက်ရှိနေခြင်းမှာ ထီရောင်းသူ၊ ထီကံစမ်းသော ပြည်သူများနှင့် သက်ဆိုင်ရာများတွင် တာဝန်ကိုယ်စီရှိကြ ပါသည်ဟု သိစေလိုပါသည်။

"နိုင်ငံတော်မှ ရောင်းချသော ထီလက်မှတ်များအား ကြိုက်သလိုဈေးတင်၍ ရောင်းချနေကြတာ တရားဝင်လိုင်စင်ပေးထားလို့လား၊ ၎င်းတို့ကို ဘာဖြစ်လို့ အရေးမယူကြတာလဲ"ဟု အခြေခံလူတန်းစားများက ပြောဆိုနေကြပါတယ်ဟု ကြားသိနေရပါသည်။

သို့ဖြစ်၍ ထီရောင်းချသူများက အစိုးရ သတ်မှတ်ဈေးနှုန်းအတိုင်းသာ ထီလက်မှတ်များအား ရောင်းချပါမှ ဥပဒေကို လေးစားရာရောက်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

ဦးယိုဏ်

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၂-၁-၂၀၁၂ (တနင်္ဂနွေနေ့)

[၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်၊ (အဖိတ်နေ့)]

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၀ ၂။ အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၆။ သက်ရှည်ကျန်းမာ လေ့ကျင့်ပါ
- ၈း၀၀ ၇။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
- ၈း၁၅ ၈။ ဝက်သက်ရောဂါကာကွယ်ပါ
- ၈း၃၀ ၉။ အကပြိုင်ပွဲ
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၃၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရဲ့ပုံထောက်ဘတ်ကျောင်ဂွန်း" (အပိုင်း-၄၃)**
- ၁၂း၃၀ ၅။ မြန်မာရုပ်ရှင် "မိဂျမ်း" (ခန့်စည်သူ၊ ခိုင်သင်းကြည်) (ဒါရိုက်တာ-အောင်သြဘာ)
- ၂း၀၀ ၆။ "ရင်သွေးငယ်များကျန်းမာဖို့ ဝက်သက်ရောဂါ တိုက်ဖျက်စို့"
- ၂း၃၀ ၇။ ငယ်မူဟန်ပန်သူ့အသံ
- ၂း၄၀ ၈။ အတီးပြိုင်ပွဲ
- ၂း၅၀ ၉။ International News
- ၃း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၅ ၃။ အဆိုပြိုင်ပွဲ
- ၄း၃၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄း၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ - တတိယနှစ်(ရုက္ခဗေဒ အထူးပြု) (ရုက္ခဗေဒ)
- ၅း၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၁၀ ၇။ "ကညင်ရေလျှောင်တမံ"
- ၅း၂၀ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၁။ ကာတွန်းအစီအစဉ် "ရေငုပ်သမားလေးအိုလီ" (အပိုင်း-၂၇)
- ၆း၄၀ ၁၂။ တစ်မျက်နှာ၊ တစ်ကွက်စာ "ဤအရာကို အချစ်ဟုခေါ်သတဲ့လား" (ဇာတ်သိမ်း) (ရဲမာန်၊ ကောင်းဆက်ထူး၊ ပုလဲဝင်း)[ဒါရိုက်တာ-မေတင်(MMG)]
- ၇း၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ချိုချိုကြင်နာပို" (အပိုင်း-၇)**
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (ဒုတိယတွဲ) (အပိုင်း-၈၅)**
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်ပွင့်လေးရဲ့ဒိုင်ယာရီ" (အပိုင်း-၈)**
- ၁၉။ အစီအစဉ်ပြီး၏။

ရွှေပျိုင်းနားဆရာတော်ကြီး တည်ထားကိုးကွယ်သော စေတီတော် ရွှေသင်္ကန်းကပ်လှူမည်

ပြည် ဇန်နဝါရီ ၂၁

ပြည်မြို့ ရတနာမာန်အောင်တောရကျောင်းတိုက်အတွင်းရှိ ကမ္ဘာ့ရွှေရင်အေး ရွှေပျိုင်းနားဆရာတော်ကြီးနှင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့ စုပေါင်းတည်ထားကိုးကွယ်တော်မူအပ်သော မဟာရွှေမြင့်မိုရ်စူဠာမဏိဓာတ်ပေါင်းစု စေတီတော်မြတ်ကြီး၏ ရွှေထီးတော်နှင့် လုံးပတ်တော်အား ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီး ဒါယကာ၊ ဒါယိကာမအပေါင်းမှ ကုသိုလ်ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ခရိုင်ပြန်/ဆက်)

ယဉ်ကျေးလိမ္မာ ကလေးတရားပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၁

လိမ္မာယဉ်ကျေးသော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာရေးကို ရှေးရှုလျက် ခမ္မရောင်ခြည် ခမ္မဒါနလုပ်ငန်းနှင့် ခမ္မမိတ်ဆွေအဖွဲ့တို့ ပူးပေါင်းကျင်းပသော ယဉ်ကျေးလိမ္မာ ကလေးတရားပွဲကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် တံတားလေးလမ်း၀ နဝဒေးရုပ်ရှင်ရုံရှေ့ရှိ ဇမ္ဗူသီရိဗိမာန်တော်၌ သံဝေဂဆရာတော် အရှင်သောမ (ထားဝယ်)(ပြည်တွင်းပြည်ပသာသနာပြု)က ဇန်နဝါရီ ၂၈ ရက်(စနေနေ့)နံနက် ၉ နာရီတွင် ဟောပြောမည်ဖြစ်သည်။

တရားနာလာရောက်သော ကလေးငယ်များကို အာဟာရဒါနလှူဒါန်းမည်ဖြစ်ပြီး စိတ်ပါဝင်စားသူ မိဘများအနေဖြင့်လည်း ကလေးငယ်များအတွက် အာဟာရ၊ စာရေးကိရိယာ စသည်ဖြင့် လိုအပ်သည်များကို လှူဒါန်းနိုင်ကြောင်း၊ အသေးစိတ်သိရှိလိုပါက ခမ္မရောင်ခြည် ခမ္မဒါနလုပ်ငန်း ဖုန်း-၃၈၂၉၃၅၊ ၀၉-၅၀၇၉၆၇၄နှင့် ခမ္မမိတ်ဆွေအဖွဲ့ ၀၉-၄၉၂၉၄၆၇၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် (၂)ရပ်ကွက် စိန်ရတနာဆေးခန်း ဒေါက်တာထက်ဝေလင်း မိသားစုနှင့် အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးစန်းဦး၊ ရပ်ကွက် ရပ်မိရပ်ဖတို့ ပူးပေါင်း၍ ဆရာဝန်၊ ဆရာမ ၁၅ ဦးဖြင့် တစ်နေ့တာ အခမဲ့ဆေးကုသမှုလှူဒါန်းပွဲကို ဒီဇင်ဘာ ၁၀ ရက်က ကျင်းပရာ ဆုတောင်းပြည့်မဟာရွှေစေတီ အာရုံခံတန်ဆောင်း၌ ဆေးကုသပေးစဉ်။ (၃၂၉)

မီးသတ်တပ်ဖွဲ့ဝင်များအားလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၁

ရန်ကုန်မြို့နေ ဒေါ်သက်ရီ၊ ဒေါ်ဒေစီကျော်လင်း၊ ဒေါ်တင်ရီနှင့် အလှူရှင်များက မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက်၌ မီးလောင်ပေါက်ကွဲမှုကြောင့် သေဆုံးဒဏ်ရာရခဲ့သည့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် လှူဒါန်းငွေကျပ် ၁၄၀၁၀၀၀ ကို ဇန်နဝါရီ ၁ ရက်က တာမွေမီးသတ်စခန်းသို့ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

ကုန်သည်/စက်မှုအသင်းချုပ်၌ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ကကြီးမှူး၍ ဘာသာရပ်ဆိုင်ရာဟောပြောပွဲကို ဖေဖော်ဝါရီ ၄ ရက် (စနေနေ့)မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ် ခန်းမကြီး၌ကျင်းပမည်ဖြစ်ရာ ဒေါက်တာဦးမင်းသိန်း (ရုက္ခဗေဒပညာရှင်)က "The Potential of Micro - Algae to Restore the Planet Earth" ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပေါင်းတည်မြို့နယ်အသင်း(ရန်ကုန်)သင်းလုံးကျွတ် စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၂၁

ပေါင်းတည်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၉ ရက် (တနင်္ဂနွေနေ့) မွန်းတည့်၁၂ နာရီတွင် စမ်းချောင်းမြို့နယ် ဗားကရာလမ်းမကြီး ကိုးထပ်ကြီးဘုရားရှေ့ မူလဥယျာဉ်တိုက် သုခုမကျောင်းတိုက်၌ကျင်းပမည်ဖြစ်ရာ အသင်းဝင်များထဲမှ ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် အသက်(၇၅)နှစ်ပြည့်ပြီးသူများ၊ အသင်းဝင်သား၊ သမီးများမှ ဆုရရှိကြသော သူငယ်တန်းမှ နဝမတန်းထိ ပထမ၊ ဒုတိယ၊ တတိယအဆင့်ရရှိကြသူများ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိကြသူများသည် အထောက်အထားများနှင့်အတူ ဇန်နဝါရီ ၂၂ ရက် နောက်ဆုံးထား၍ ဦးလှစော(ဥက္ကဋ္ဌ)ဖုန်း-၅၂၇၁၅၉၊ ဦးသောင်းလွင်(ဒုတိယဥက္ကဋ္ဌ)ဖုန်း- ၃၇၆၇၄၂နှင့် ဦးဇော်လွင်ထွန်း(အတွင်းရေးမှူး)ဖုန်း-၅၁၉၃၄၀ တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (ကြေးမုံ)

ကရင်ပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇန်နဝါရီ ၂၁

ကရင်ပြည်နယ် အစိုးရအဖွဲ့နှင့် ခရိုင်/မြို့နယ်/မြို့နယ်ခွဲ အုပ်ချုပ်ရေးမှူးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇန်နဝါရီ ၆ ရက်တွင် ကရင်ပြည်နယ် အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက အဖွင့်အမှာစကား ပြောကြားသည်။ ယင်းနောက် ဘားအံ၊ ကော့ကရိတ်၊ မြဝတီနှင့် ဖာပွန်ခရိုင် အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ခွဲအုပ်ချုပ်ရေးမှူးများက ဒေသဆိုင်ရာ အချက်အလက်များနှင့် ဒေသအတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်နယ်ဝန်ကြီးများက ဆွေးနွေးတင်ပြခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက ဇန်နဝါရီ ၇ ရက်တွင် ပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော ကရင်ပြည်နယ် လမ်း/တံတား လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားပြီး ပြည်နယ်အတွင်း BOT စနစ်ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများက လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို တင်ပြကြသည်။

မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး(၂/၂၀၁၂) အစည်းအဝေးကိုကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာအနီးရှိ ရေဘုတ်ရေလှောင်တမံမှ ဆည်ရေသောက်စနစ်ဖြင့် စပ်မျိုးစပါး မျိုးစေ့ထုတ် ၂၅ ဧက၌ စပ်မျိုးစပါးထွန်ယက် စိုက်ပျိုးနေမှုနှင့် ကောက်စိုက်စက်ဖြင့် နွေစပါးစိုက်ခင်း ဆင်းသုခ ဧက ၅၀၊ ရတနာတိုး ဧက ၅၀ စိုက်ပျိုးထားရှိမှု တို့ကို ကွင်းဆင်းကြည့်ရှုအားပေးကြသည်။

ယင်းနောက် ကရင်ပြည်နယ်ဒေသဆိုင်ရာလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်သည် အဆိုပါ အစည်းအဝေးခန်းမ၌ ကျင်းပသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဒေသဆိုင်ရာလုပ်ငန်းကော်မတီ(ကရင်ပြည်နယ်) လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၁/၂၀၁၂)သို့ တက်ရောက် အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့် သုံးခွနှင့် ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံတို့အား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြား

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့် ခုတင်(၅၀)ဆံ့ သုံးခွမြို့နယ် ပြည်သူ့ဆေးရုံနှင့် ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံတို့၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၂၁

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်သည် ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ခုတင်(၅၀)ဆံ့ သုံးခွမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိ၍ ပြင်ပလူနာဌာန၊ လူနာဆောင်များ၊ ဓာတ်မှန်ဆောင်နှင့် ဓာတ်ခွဲခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေးကာ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

ယင်းနောက် ခုတင်(၅၀)ဆံ့ ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး အလှူရှင်များ လှူဒါန်းဆောက်လုပ်ပြီးစီးသည့် လူနာဆောင်သစ်နှင့် လူနာဆောင်များ၊ ဓာတ်မှန်နှင့်ဓာတ်ခွဲဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။

သုံးခွမြို့နယ်နှင့် ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံတို့သို့ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့် လုပ်ငန်းရပ်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် နည်းလမ်းများ၊ ထောင်စုနှစ်ရည်မှန်းချက်ပြည့်မီရေးအတွက် မိခင်နှင့်ကလေးသေနှုန်းလျှော့ချရေး၊ ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်ကြရန်နှင့် ဆေးပညာရှင်များအနေဖြင့် လူနာများအပေါ်တွင် မွန်မြတ်သော စိတ်နေစိတ်ထားများထားရှိကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကြီးအောင်နှင့် ချမ်းမြမာလာခုံးကျော်တံတားများ စက်ဘီး၊ ဆိုင်ကယ်ဖြတ်သန်းခွင့်မပြု

မန္တလေး ဇန်နဝါရီ ၂၁

မန္တလေးမြို့တော်သည် စီးပွားရေးဖွံ့ဖြိုးလာပြီး လူဦးရေထူထပ်လာမှုနှင့်အတူ ယာဉ်သုံးစွဲမှုများပြားလာသည်။ **(ယာပုံ)** ၂၀၁၁ ခုနှစ် အောက်တိုဘာလ စာရင်းအရ မန္တလေးခရိုင် ခုနစ်မြို့နယ်အတွင်း မော်တော်ယာဉ် ၅၄၂၁၈ စီး၊ မော်တော်ဆိုင်ကယ် ၃၀၀၇၄၅ စီး၊ အခြားစက်တပ်ယာဉ် ၆၂၂၈ စီး၊ ဆိုက်ကား ၁၃၉၀၀၊ မြင်းလှည်း ၆၁၈ စီး၊ ခန့်မှန်းစက်ဘီး ၃၀၀၀၀၀ ခန့်ရှိပြီး နေ့စဉ် လူနှင့်ယာဉ်တိုက်မှုများကြောင့် သေဆုံး၊ ဒဏ်ရာရမှုများရှိခဲ့သည်။ ၂၀၁၁ ခုနှစ် အောက်တိုဘာလအထိ ယာဉ်နှင့်ယာဉ်၊ လူနှင့်ယာဉ်တိုက်မှု ၂၉၈ မှုဖြစ်ပွားခဲ့ပြီး ၉၈ ဦးသေဆုံးကာ ၃၇၆ ဦးဒဏ်ရာရခဲ့သည်။

မြို့တွင်းလမ်းများ အဆင့်မြှင့်တင်တိုးချဲ့ခဲ့သော်လည်း ရုံးဆင်းချိန်၊ ကျောင်းဆင်းချိန်၊ အလုပ်ပြန်ချိန်များတွင် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်ခဲ့သဖြင့် မန္တလေးမြို့၏ အဓိက အရှေ့အနောက်ဖြတ်လမ်းကြီးများဖြစ်သော (၃၅)လမ်း၊ (၇၈)လမ်းနှင့် လမ်း(၈၀)ကြား ရန်ကြီးအောင် မီးရထားခုံးကျော်တံတား၊ (၄၂)လမ်း၊ (၇၈)လမ်းနှင့် (၈၁)လမ်းကြား ချမ်းမြမာလာမီးရထားခုံးကျော်တံတားအပေါ် စက်ဘီး၊ ဆိုင်ကယ်များအား ဒီဇင်ဘာ ၂၀ ရက်မှစ၍ ဖြတ်သန်းခွင့်မပြုတော့ကြောင်း သိရသည်။ (၇၈)လမ်းနှင့် လမ်း (၈၀)အတွင်း (၃၆) လမ်း၊ (၃၇) လမ်း၊ (၃၈) လမ်း၊ (၃၉) လမ်း၊ လမ်း (၄၀) တို့အား တစ်လမ်းမောင်းစနစ်သို့ ပြောင်းလဲခဲ့ကြောင်း သိရသည်။ (၆၅၃)

စာပေမြင့်မှ လူမျိုးတင့်မည်

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟောပြော

နေပြည်တော် ဇန်နဝါရီ ၂၁

အမှတ်(၁၀) တပ်မတော်တန်းမြင့် လေ့ကျင့်ရေးကျောင်းနှင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(ကလေး)တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၁ ရက်က အမှတ်(၁၀) တပ်မတော်တန်းမြင့် လေ့ကျင့်ရေးကျောင်းခန်းမ၌ ကျင်းပရာ ဗိုလ်မှူးချုပ် အောင်ကျော်ငြိမ်းက အဖွင့်အမှာစကား ပြောကြားပြီး စစ်တိုင်းတိုင်းဒေသကြီး ဦးစီးမှူးရုံး(မုံရွာ)မှ စစ်ဆေးရေးမှူး-၂ ဦးကျန်ထွန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို လည်းကောင်း၊ ခရိုင်ဦးစီးမှူး ဦးအောင်နိုင်က ယာဉ်တိုက်မှုဖြစ်စဉ်များကို လည်းကောင်း ဟောပြောဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** (သတင်းစဉ်)

ဥတုရာသီတည်ငြိမ်ရေး သင်လည်းပါဝင်လှုပ်ရှားပေး စာအုပ်ထုတ်ဝေ

နိုင်ငံတော်အတွက် အသက်ကို ပဓာနမထားစွန့်လွှတ်စွန့်စား တပ်မတော်သားဘဝတွင် နှစ်ပေါင်း ၂၀ ခန့်၊ သစ်တောရေးရာဝန်ကြီးဌာနတွင် တာဝန်များကို (၁၇) နှစ်ခန့် စုစုပေါင်း (၃၇)နှစ်ခန့် နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့သော စာရေးဆရာ တက္ကသိုလ်တင်လကျ်၁၏ ဥတုရာသီတည်ငြိမ်ရေး သင်လည်းပါဝင်လှုပ်ရှားပေး စာအုပ်ကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်က ထုတ်ဝေဖြန့်ချိလိုက်သည်။

သဘာဝသယံဇာတ ထိန်းသိမ်းစောင့်ရှောက်ရေးပညာရှင် ကမ္ဘာမြေချစ်သူ ဦးအုန်းက သာမန်သစ်တောပညာရှင်တစ်ယောက်ပင် စွမ်းဆောင်ခြင်းမပြုနိုင်သော သဘာဝပတ်ဝန်းကျင် အထောက်အကူပြု ဆောင်းပါးများကို ပြည့်ပြည့်စုံစုံ ပြုစုရေးသားနိုင်ခြင်းမှာ ထူးကဲသော အရည်အချင်းတစ်ခုဖြစ်သည်ဟူ၍ လည်းကောင်း၊ စာရေးဆရာ ရဲမြင့်(သစ်တော)က ဤစာအုပ်ကြီးသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသမိုင်း မှတ်တိုင်အဖြစ် ကျန်ရှိလိမ့်မည်ဟူ၍ လည်းကောင်း၊ အငြိမ်းစား သစ်တောညွှန်ချုပ် ဦးတင်လှက ကမ္ဘာကြီးမပူနွေးအောင် ဘာတွေလုပ်ကြရမလဲဆိုရင် ယခုစာအုပ်ပါ ဆောင်းပါးများဖတ်ကြပါဟု ပြောလိုပါကြောင်း စသည်ဖြင့် အသီးသီးအမှာစာများ ရေးသားထားကြသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်၍ ထူးခြား၊ ရှားပါးလှသည့် စာအုပ်တစ်အုပ်ဖြစ်ပြီး သရုပ်ဖော်ပုံပေါင်းများစွာ၊ ရောင်စုံဓာတ်ပုံများစွာဖြင့် စီစဉ်တင်ဆက်ထားသော ဤစာအုပ်ကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံ ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၄၅၃၂၊ ၀၉-၇၃၂၀၁၉၂၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက် (၂) ရန်ကင်းကြေးအိုးနှင့် အလက(၁)ရန်ကင်းကြား သစ္စာလမ်းမကြီး ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၂၀၁၉၁၁ တို့တွင် တစ်အုပ်လျှင်ငွေကျပ် ၂၅၀၀ နှုန်းဖြင့် ဝယ်ယူနိုင်ကြောင်း သိရသည်။

ဂျပန်နိုင်ငံ၏ အဓိကဘဏ်စနစ်စာအုပ် ထုတ်ဝေဖြန့်ချိ

မောင်ကြည်ညို(ဝါဏိဇ္ဇ)၏ ဂျပန်နိုင်ငံ၏ အဓိကဘဏ်စနစ် (ဂျပန်နိုင်ငံဖွံ့ဖြိုးတိုးတက်စေခဲ့သော အဓိကအကြောင်းရင်းတစ်ရပ်)စာအုပ်ကို ပထမအကြိမ်အဖြစ် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

ဒုတိယကမ္ဘာစစ်အပြီး ပြာပုံဘဝမှ ရုန်းထခဲ့ရသော ဂျပန်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် အဓိကအကြောင်းအရင်းတစ်ရပ်ဖြစ်စေခဲ့သော အဓိကဘဏ်စနစ် (Main Bank System) အကြောင်းရေးသားထားသည်။ အဆိုပါ အဓိကဘဏ်စနစ်သည် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးစနိုင်ငံများ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြင့်မားစေရန် အဓိကမောင်းနှင်အားကို ဖြစ်ပေါ်စေနိုင်သည့် အသင့်လျော်ဆုံးစနစ်ဟု ဆိုသည်။ ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း) ပါမောက္ခဦးမော်သန်းက အမှာတွင်ဖော်ပြထားသည်။

အလင်းသစ်စာပေ တိုက်(၆) အခန်း(၄၀၄) ညောင်တန်းအိမ်ရာ ပုဇွန်တောင်မြို့နယ် ဖုန်း-၀၉-၅၄၀၀၃၀၂၊ ၀၉-၈၇၀၃၈၄၈ မှ တစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိထားသည်။ အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်များတွင် ဝယ်ယူနိုင်ကြောင်းသိရသည်။

အပါချီအိပ်မက်များ မဂ္ဂဇင်းခေတ်ပေါ်ဝတ္ထုတိုများစာအုပ်ထွက်ရှိ

ရသစာပေကို ချစ်မြတ်နိုးသော စာဖတ်ပရိသတ်များ၏ တောင်းဆိုချက်အရ ဆရာဝန်စာရေးဆရာမဒေါက်တာနိုက်တင်ဂေးလ်(ခ)ယဉ်မင်းဦး (ဆေးတက္ကသိုလ်)၏ အပါချီအိပ်မက်များ အမည်ရှိ မဂ္ဂဇင်းခေတ်ပေါ်ဝတ္ထုတိုများ စာအုပ်ထွက်ရှိလာသည်။

မြင်းကုန်းနှီးဒွန်ကီးဆုတ်နှင့် သူ၏ ပေတံတစ်ချောင်း၊ နံနက်ခင်းကျီးကန်းများနှင့် ကိတ်မုန့်ဖုတ်ခြင်းစသည်ဖြင့် မဂ္ဂဇင်းများတွင် ပုံနှိပ်ဖော်ပြခံရစဉ်ကတည်းက ပရိသတ်များအထူးနှစ်သက်ခဲ့ကြသော ခေတ်ပေါ်ဝတ္ထုတို ၁၄ ပုဒ်ပါဝင်သည်။

ထိုစာအုပ်ကို မီးအိမ်ရှင်စာအုပ်တိုက် အခန်း(၃-ခ)တိုက်(၂၉) ဇေယျာသီရိလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၅၁၆၃၄၉၃၊ ၀၉-၄၉၂၄၇၀၆၉၊ ၀၉-၅၅၀၆၉၄၈ မှ ရောင်းဈေးငွေကျပ် ၂၅၀၀ ဖြင့် တစ်နိုင်ငံလုံးရှိ စာအုပ်အရောင်းဆိုင်များသို့ ဖြန့်ချိထားကြောင်း သိရသည်။

မောဟရဲ့မူလဘူတ(မောဟပြေပုံတိုပတ်စများ-၅)စာအုပ်ထုတ်ဝေ

စာရေးဆရာ အတ္တကျော်၏ မောဟရဲ့မူလဘူတ (မောဟပြေ ပုံတိုပတ်စ-၅) စာအုပ်ကို လက်တွဲဖော်စာအုပ်တိုက်က ထုတ်ဝေဖြန့်ချိလိုက်သည်။

မောဟပြေ ပုံတိုပတ်စများကို အစဉ်တစိုက်ရေးသားလာခဲ့သည်မှာ ယခုအခါ ပဉ္စမတွဲအထိပင် ရောက်ရှိခဲ့ပြီဖြစ်သည်။ ယခုစာအုပ်တွင် ပုံတိုပတ်စ စုစုပေါင်း ၁၇ ပုဒ်ပါဝင်သည်။ အမေရိကန်နိုင်ငံမှ လူမည်းဘတ်(စ်)ကား သန့်ရှင်းရေးဝန်ထမ်း အာသာဝင်စတန် အစရှိသည့် လူ့လောကတွင် သက်ရှိထင်ရှားရှိခဲ့သူများ၊ ရှိနေသူများ၏ အတုယူဖွယ် လေးစားဖွယ်၊ လိုက်နာကျင့်သုံးဖွယ်ဖြစ်ရပ်များကို မီးမောင်းထိုးပြထားသည်။

စာအုပ်ကို လက်တွဲဖော် စာအုပ်တိုက်၊ စာတိုက်သေတ္တာအမှတ်(၂၆၉) ရန်ကုန်စာတိုက်ကြီး ဖုန်း-၀၁-၇၀၆၅၇၄ က တစ်အုပ်လျှင် ငွေကျပ် ၁၅၀၀ ဖြင့်ဖြန့်ချိထားသည်။

မီး

လောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကြိုတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

ပြည်တွင်းအားကစားသတင်းများ

ပြည်တွင်းအားကစားသတင်းများ

3rd Japan Cup တံခွန်စိုက် ကရာတေးဒိုပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၁

မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာဂျပန်သံရုံးတို့ ပူးပေါင်းစီစဉ်၍ ဂျပန်ကုန်သည်ကြီးများအသင်း(ရန်ကုန်)(JCCY)၏ပံ့ပိုးမှုဖြင့် ၂၀၁၂ ခုနှစ် 3rd Japan Cup တံခွန်စိုက်ကရာတေးဒိုပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။

ရှေးဦးစွာ အငယ်တန်း အမျိုးသမီး(H1-5/ Tekki Shodan)၊ အငယ်တန်း အမျိုးသား (H1-5 / Tekki Shodan)၊ အမျိုးသမီး ကီလို ၅၀ နှင့်အောက် ကုမိတဲ့၊ ၅၅ ကီလို၊ ကီလို ၆၀၊ ၆၈ ကီလို၊ ၆၈ ကီလိုနှင့်အထက် ကုမိတဲ့၊ ကီလို ၆၀၊ ၆၇ ကီလို၊ ၇၅ ကီလိုနှင့်အောက် ကုမိတဲ့၊ အမျိုးသား ၈၄ ကီလိုနှင့်အောက် ကုမိတဲ့၊ ၈၄ ကီလိုနှင့်အထက် ကုမိတဲ့ပြိုင်ပွဲများတွင် ဆုရရှိသူများအား အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များက ဆုများချီးမြှင့်ကြသည်။

ဆက်လက်၍ အမျိုးသမီးတစ်ဦးချင်း ခတပြိုင်ပွဲတွင် ဆုရရှိသူအား မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်နာယက ဒေါ်ဥမ္မာလွင်ကလည်းကောင်း၊ အမျိုးသမီး အသင်းလိုက် ကုမိတဲ့ပြိုင်ပွဲတွင် ဆုရရှိသူများအား မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ် နာယက ဒေါ်ခင်မာနွယ်နှင့် အမျိုးသမီးအသင်းလိုက် ခတပြိုင်ပွဲတွင် ဆုရရှိသူများအား မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီက လည်းကောင်း၊ အမျိုးသားအသင်းလိုက် ကုမိတဲ့ပြိုင်ပွဲတွင် ဆုရရှိသူများအား ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်ကလည်းကောင်း၊ အငယ်တန်းအမျိုးသမီးအထူးဆုရ မြတ်ဖြိုးမြင့်သက်(အောင်ဆန်း)နှင့် အငယ်တန်း အမျိုးသားအထူးဆုရ လင်းဦး(အောင်ဆန်း)တို့အား ဒေါက်တာ ရဲနိုင်ဝင်းကလည်းကောင်း ဆုများချီးမြှင့်ကြပြီး ရွှေတံဆိပ်သုံးဆု၊ ကြေးတံဆိပ်တစ်ဆုဖြင့် အမျိုးသားအကောင်းဆုံး အားကစားသမားဆုရ ကျော်ကျော်ထွန်း(သစ်တော)နှင့် ရွှေတံဆိပ်သုံးဆုဖြင့် အမျိုးသမီးအကောင်းဆုံး အားကစားသမားဆုရသော ဆွေဆွေအောင်(ကယားပြည်နယ်)တို့အား မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဦးဝင်းဇော်နှင့် JCCY မှအမှုဆောင် Mr. Shigeo Hana တို့က SANYO Flat -၂၁လက်မ TV တို့ကိုချီးမြှင့်ကြပြီး ၂၀၁၂ ခုနှစ် 3rd Japan Cup တံခွန်စိုက်ပြိုင်ပွဲတွင် ရွှေခြောက်ဆု၊ ကြေးတစ်ဆုဖြင့် တံခွန်စိုက်ဆုဖလားရ သစ်တောရေးရာဝန်ကြီးဌာနအသင်းနှင့် ရွှေလေးဆု၊ ငွေသုံးဆု၊ ကြေးတစ်ဆုဖြင့် တံခွန်စိုက်ဆုဖလားရ ကယားပြည်နယ် အမျိုးသမီးအသင်းတို့အား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H. E. Mr. Takashi SAITO က တံခွန်စိုက်ဆုဖလားများ ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၁၂ ခုနှစ် 3rd Japan Cup တံခွန်စိုက် ကရာတေးဒို ပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားရ ကယားပြည်နယ် အမျိုးသမီးအသင်းအား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E.Mr. Takashi SAITO တံခွန်စိုက်ဆုဖလား ချီးမြှင့်စဉ်။
(သတင်းစဉ်)

မိတ္ထီလာဂေါက်သီးရိုက်အသင်း နှစ်ပတ်လည်ဖိတ်ခေါ် ဂေါက်သီးရိုက်ပြိုင်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၂၁

မိတ္ထီလာ ဂေါက်သီးရိုက်အသင်း၏ ၂၀၁၂ ခုနှစ် နှစ်ပတ်လည် ဖိတ်ခေါ် ဂေါက်သီးရိုက်ပြိုင်ပွဲကို မိတ္ထီလာလေတပ် ဂေါက်ကွင်း၌ ဇန်နဝါရီ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ပြီး အကျော့ပေးရိုက်ချက် (၀ မှ ၁၂) ထိ ရွှေတန်း၊ (၁၃ မှ ၁၈)ထိ ငွေတန်း၊ (၁၉ မှ ၂၄)ထိ ကြေးတန်း စသော အတန်းလိုက် ပြိုင်ပွဲများ၊ အမျိုးသမီးဖိတ်ခေါ်ပြိုင်ပွဲ၊ အသက်(၅၅)နှစ်အထက် သက်ကြီးတန်း ပြိုင်ပွဲနှင့် အကျော့ပေး(၁၂)နှင့်အောက် အနည်းဆုံးတစ်ဦးနှင့် အကျော့ပေး (၁၈)အထိ စုစုပေါင်း လေးဦးပါ အသင်း လိုက်ပြိုင်ပွဲများ ကျင်းပမည့်အပြင် အထူးဆုများပါ ချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲ Sponsor များအဖြစ် ဒဂုံဗျူရီ ကုမ္ပဏီလီမိတက်၊ ကောင်းမြတ်ကုမ္ပဏီ လီမိတက်နှင့် Air Bagan Ltd. တို့က အဓိက ကူညီပံ့ပိုးထားကာ NIVEA နှင့် KTM သောက်ရေသန့်တို့က ပူးပေါင်း ပံ့ပိုးလျက် မြင်းခြံ၊ ပခုက္ကူ၊ ညောင်ဦး၊ ပုပ္ပား၊ မလှိုင်၊ ဝမ်းတွင်း၊ သာစည်၊ ပျော်ဘွယ်၊ ရမည်းသင်းမြို့နယ်များမှ ပြိုင်ပွဲဝင်များအား ဖိတ်ခေါ်ထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဗန်တိုတံခွန်စိုက်ပြိုင်ပွဲ ဝန်ကြီးဌာနပေါင်းစုံ ဥက္ကဋ္ဌဖလား ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၁

၂၀၁၂ ခုနှစ် ပထမအကြိမ် မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဗန်တို တံခွန်စိုက်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အားကစားခန်းမ၌ ဇန်နဝါရီ ၁၅ ရက်တွင် ကျင်းပရာ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲမြင့် **(အပေါ်ပုံ)**က အဖွင့်အမှာစကား ပြောကြားသည်။

ဗန်တိုပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း စုစုပေါင်း ၁၂ သင်း ဝင်ရောက်ယှဉ်ပြိုင်ပြီး ပြိုင်ပွဲကာလမှာ ဇန်နဝါရီ ၁၅ ရက်မှ ၂၁ ရက်ထိ ကျင်းပခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

ဂျီတီအိုင်ကျောင်းသားဟောင်းများ ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၁

ဂျီတီအိုင်ကျောင်းပေါင်းစုံ ကျောင်းသားဟောင်းများ စုပေါင်း၍ (၁၇)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇန်နဝါရီ ၂၅ ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်း ကိုးမိုင်(ဗားမား) ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ ဦးခင်ဇေ (ရုံးအဖွဲ့မှူး) ဖုန်း-၀၁-၅၁၉၈၆၃ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

သုံးပွဲဆက်အနိုင်ဖြင့် ကမ္ဘောဇတို့ ဆက်လက်ဦးဆောင် ရောဝတီ၏ ရှုံးပွဲမရှိ စံချိန်ကို ဇေယျာရွှေမြေ ချိုးဖျက်

တောင်ကြီး ဇန်နဝါရီ ၂၁

MNL Myanmar 2012 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ် (၃)ကို ယနေ့ ညနေပိုင်းက ဆက်လက်ကျင်းပရာ ကမ္ဘောဇအသင်းနှင့် ဇေယျာရွှေမြေအသင်းတို့ အိမ်ကွင်းနိုင်ပွဲအသီးသီးရရှိခဲ့သည်။

(KBZ ကွင်း)

ကမ္ဘောဇ - တစ်ဂိုး

(ဒူနက်ဇ်)

ရန်ကုန်ယူနိုက်တက် - ဂိုးမရှိ

ကမ္ဘောဇအသင်းမှာ အိမ်ကွင်းတွင် အမှတ်ပြည့်ရယူပြီး သုံးပွဲဆက်အနိုင်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည်။ ချန်ပီယံမျှော်လင့်ချက်ထားလာသည့် ကမ္ဘောဇအသင်းမှာ အိမ်ကွင်းတွင် နိုင်ပွဲရရှိရေးအတွက် လူစုံထုတ်ခဲ့ပြီး ဘရာဇီးကွင်းလယ်လူ ဒူနက်ဇ်၏ ဂိုးဖြင့် လက်ရှိချန်ပီယံရန်ကုန်ကို ပထမဆုံးရှုံးပွဲကြုံတွေ့စေခဲ့သည်။ ရန်ကုန်အသင်းမှာ ယမန်နှစ်က ရှုံးကြွေးကို ဆပ်ရန် ကြိုးစားခဲ့သော်လည်း ရှုံးပွဲထပ်မံ ကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ ကမ္ဘောဇအတွက် အနိုင်ဂိုးကို ၆၇ မိနစ်တွင် ဒူနက်ဇ်က ပြစ်ဒဏ်ဘောမှ တစ်ဆင့် သွင်းယူခဲ့ခြင်းဖြစ်သည်။

(မုံရွာကွင်း)

ဇေယျာရွှေမြေ - တစ်ဂိုး

(ကျော်ကိုကို-ပယ်နယ်တီ)

ရောဝတီယူနိုက်တက် - ဂိုးမရှိ

ပြီးခဲ့သည့် ရာသီကတည်းက တင်ရှိထားသော ၂၄ ပွဲဆက် ရှုံးပွဲမရှိစံချိန်ကို ရောဝတီတို့ (၂၅)ပွဲမြောက်တွင် ချိုးဖျက်ခံလိုက်ရပြီဖြစ်သည်။ တစ်ပွဲထက်တစ်ပွဲ ကစားပုံ ပိုကောင်းလာသည့် ဇေယျာရွှေမြေအသင်းမှာ ယခုပွဲတွင်လည်း ခြေစွမ်းပြနိုင်ခဲ့သည်။ အထူးသဖြင့် တိုက်စစ်မှူး ကျော်ကိုကိုမှာလည်း ခြေစွမ်းပြနိုင်ခဲ့သည်။ ရောဝတီအသင်းအား ရှုံးပွဲမရှိစံချိန်ကျိုးပျက်စေမည့် ဇေယျာရွှေမြေအတွက် အနိုင်ဂိုးကို ကိုးမိနစ်တွင် ကျော်ကိုကိုက ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သည်။

ယနေ့ပွဲ

(NPTကွင်း)

နေပြည်တော် - ဇွဲကပင်

(ဗထူးကွင်း)

ရတနာပုံ - မောရဝတီ

(ပဒုမ္မာကွင်း)

Southern - မနောမြေ

သတင်းနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်

ကမ္ဘောဇအသင်းနှင့် ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ ကွာတားဖိုင်နယ်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၁

၂၀၁၂ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့ နံနက်ပိုင်းနှင့် ညနေပိုင်းများတွင် နေပြည်တော်ဘော်လီဘောကွင်း၌ ဆက်လက်ကျင်းပရာ နံနက်ပိုင်းပွဲစဉ်များတွင် စက်မှုဝန်ကြီးဌာနအသင်းကကာကွယ်ရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ-တစ်ပွဲ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ ညနေပိုင်းပွဲစဉ်များတွင် ပြန်ကြားရေးဝန်ကြီးဌာန အသင်းက အားကစားဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်တို့ဖြင့် အနိုင်ရရှိကြပြီး ဇန်နဝါရီ ၂၂ ရက်တွင် ပြိုင်ပွဲများရပ်နားပြီး ၂၃ ရက်တွင် ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် စက်မှုဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

▼ ကျောဖုံးမှ

ခရစ်စတိုဖာဆမ်ဘာသည် ဘလက်ဘန်းအသင်းမှ အပြောင်းအရွှေ့တစ်ခုကို တရားဝင်တောင်းဆိုမှုတစ်ခု လုပ်ဆောင်ခဲ့ကြောင်းနှင့် ယခု အပြောင်းအရွှေ့ကာလအတွင်း ဘလက်ဘန်းအသင်းမှ ထွက်ခွာရန်ဆန္ဒရှိနေကြောင်း၊ ၎င်း၏အသင်းမှ အသင်းပိုင်ရှင်များ၊ အသင်းနည်းပြနှင့် အမှုဆောင်များထံသို့ သတင်းပေးထားခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။ အင်တာနက်။

အင်္ဂလိပ်ပရီမီယာလိဂ် ပွဲစဉ် (၂၂) အနိုင်/အရှုံးရလဒ်များ

၂၁-၁-၂၀၁၂

နော့ဝှစ်ချ်	၀	-	၀	ချဲလ်ဆီး
အဲဗာတန်	၁	-	၁	ဘလက်ဘန်း
ဖူလ်ဟမ်	၅	-	၂	နယူးကာဆယ်
ကျူပီအာ	၃	-	၁	ဝီဂန်
စတုတ်စီးတီး	၁	-	၂	ဝက်စ်ဘရွန်း
ဆန်းဒါးလန်း	၂	-	၀	ဆွမ်ဆီး
ဝုလ်ဗာဟမ်တန်	၂	-	၃	ဗီလာ

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

ယင်းမာပင်ရဲစခန်းပိုင် ပထမလွန်းထိုးကျေးရွာတွင် အမျိုးသမီးတစ်ဦး ဓားဖြင့်ထိုးသတ်ခံရမှု ဖြစ်ပွား

သာစည် ဇန်နဝါရီ ၂၁

သာစည်မြို့နယ် ယင်းမာပင် ရဲစခန်းပိုင် တောင်ပေါ်ဒေသဖြစ်သည့် ပထမလွန်းထိုးကျေးရွာတွင် ဒီဇင်ဘာ ၂၅ ရက် ည ၁၂ နာရီခန့်က အမျိုးသမီး တစ်ဦး ဓားဖြင့်ထိုးခံရ၍ သေဆုံးမှု တစ်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ပထမလွန်းထိုးကျေးရွာတွင် ဒီဇင်ဘာ ၂၅ ရက် ည ၁၂ နာရီခွဲက ကိုတင်ဌေးအောင် (၃၂)နှစ်သည် မိမိနေအိမ်ဈေးဆိုင်တွင် ကာရာအိုကေ စက်ဖွင့်၍ သီချင်းဆိုနေစဉ် တစ်ရွာတည်းနေ ဇာဏီမြင့်လွင်(ခ)ပုသိမ် (၂၇) နှစ်ရောက်လာပြီး ကိုတင်ဌေးအောင်အား ရိုင်းစိုင်းစွာဆက်ဆံပြောဆိုရာမှ အပြန်အလှန် စကားများနေကြစဉ် ကိုတင်ဌေးအောင်၏ ဇနီးဖြစ်သူ မညိုညိုလွင် (၃၇)နှစ် ရောက်ရှိလာပြီး ခင်ပွန်းဘက်မှ ဝင်ရောက်၍ ဇာဏီမြင့်လွင်(ခ) ပုသိမ်ကို ရန်တွေ့ရာ ဇာဏီမြင့်လွင်(ခ)ပုသိမ်က အသင့်ယူဆောင်လာသောဓားဖြင့် မညိုညိုလွင်၏ ဝမ်းဗိုက်ကို တစ်ချက်ထိုးလိုက်ပြီး ကိုတင်ဌေးအောင်ကို ဆက်ထိုး၍ ထွက်ပြေးသွားသည်ဟု ဆိုသည်။

မညိုညိုလွင်မှာ ရရှိဓားဒဏ်ရာဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးပြီး ကိုတင်ဌေးအောင်မှာ ယာဘက်ပခုံးတွင် ဓားဒဏ်ရာနှစ်ချက်ရရှိခဲ့သည်။

အခင်းဖြစ်ရပ်နှင့် ပတ်သက်၍ ကိုတင်ဌေးအောင်က ယင်းမာပင် ရဲစခန်းသို့ ချက်ချင်းသွားရောက်တိုင်တန်းရာ ရဲတပ်ဖွဲ့စခန်းမှ တိုင်ချက်ရလျှင်ရရှိချင်း ထွက်ပြေးတရားခံကို အချိန်မီ ဖမ်းဆီးရမိနိုင်ရေးအတွက် မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဟန်စိန်၏ စီစဉ်ညွှန်ကြားမှုဖြင့် ရဲတပ်ဖွဲ့ဝင်များက ပြည်သူများနှင့် ပူးပေါင်းပြီး တရားခံသွားလာတတ်သောနေရာများကို ပိတ်ဆို့ရှာဖွေရာ အခင်းဖြစ်ပြီး နာရီဝက်ခန့်တွင် တရားခံ ဇာဏီမြင့်လွင်(ခ)ပုသိမ်အား ယင်းမာပင်ဘူတာ၌ ရပ်နားထားသည့် ဆီလုံးတွဲ၊တွဲအမှတ်(၈၀၄)မှ ဖမ်းဆီးရမိခဲ့သည်။

အမှုကို ယင်းမာပင်ရဲတပ်ဖွဲ့စခန်းမှ ဇာဏီမြင့်လွင်(ခ)ပုသိမ်အား အမှုဖွင့် အရေးယူထားကြောင်းသိရသည်။ (၄၂၅)

ပီအက်စ်ဂျီအသင်းနှင့် ချုပ်ဆိုမည့်စာချုပ်အား ကာကာငြင်းဆို

မက်ဒရစ် ဇန်နဝါရီ ၂၁

ရီးယဲလ်မက်ဒရစ်ကစားသမား ကာကာသည် ပြင်သစ်နိုင်ငံ၏ အချမ်းသာဆုံးအသင်းဖြစ်သည့် ပီအက်စ်ဂျီအသင်းသို့ပြောင်းရွှေ့မည့် သဘောတူညီချက်ကို အခိုင်အမာငြင်းပယ်လိုက်ပြီ ဖြစ်သည်။ ပီအက်စ်ဂျီ အသင်းသည် ဇန်နဝါရီ အပြောင်းအရွှေ့ကာလအတွင်း ကစားသမားသစ်ခေါ်ယူရေးကြိုးပမ်းလျက်ရှိရာ အလက်ဇန်းဒါးပါတိုအား ပေါင် ၅၅ သန်းဖြင့် ခေါ်ယူရေး စာချုပ်ပျက်ပြယ်ခဲ့ပြီးနောက် ပီအက်စ်ဂျီအသင်းသို့ ပြီးခဲ့သည့်လက ရောက်ရှိလာသော ကာကာ၏ ယခင်အေစီမီလန်အသင်း နည်းပြဟောင်း ကားလိုအန်ဆန်လော့တီက ကာကာကို ခေါ်ယူစာချုပ်ချုပ်ဆိုရေးတာဝန်ပေးအပ်ခဲ့သည်။

ရီးယဲလ်မက်ဒရစ် ကစားသမားကာကာသည် ပီအက်စ်ဂျီအသင်းရှိ ၎င်း၏နည်းပြဟောင်း အန်ဆန်လော့တီနှင့် ပြန်လည်ပေါင်းစည်းရေးသဘောတူထားခဲ့ကြောင်း အီတလီနေ့စဉ် Gazzetta dello Sport က ဇန်နဝါရီ ၁၈ ရက်က သတင်းဖော်ပြခဲ့သည်။

သို့သော်လည်း အသက်(၂၉)နှစ်အရွယ်ရှိ ဘရာဇီးကြယ်ပွင့်ကာကာအနေဖြင့် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ကတိကဝတ်ပြုထားခဲ့ကြောင်း ကာကာက အခိုင်အမာပြောကြားထားသည်။ ထို့အပြင် ပီအက်စ်ဂျီအသင်းနှင့် စာချုပ်၍ နည်းပြဟောင်းအန်ဆန်လော့တီနှင့် ပြန်လည်ပေါင်းစည်းမည်ဆိုသည့်သတင်းမှာ မှန်ကန်မှုမရှိကြောင်းနှင့် လက်ရှိရီးယဲလ်မက်ဒရစ် ကစားသမားကာကာအနေဖြင့် အခြားအသင်းများနှင့် မည်သည့်သဘောတူညီချက်မျှ ထားရှိခဲ့ခြင်းမရှိကြောင်း ကာကာက ၎င်း၏ Twitter စာမျက်နှာတွင် ရေးသားဖော်ပြခဲ့သည်။

ဖီဖာ၏ တစ်နှစ်တာ ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုကို ရရှိခဲ့သော ကာကာသည် ၂၀၀၉ ခုနှစ်က ရီးယဲလ်မက်ဒရစ်အသင်းသို့ ရောက်ရှိလာခဲ့ပြီး ခြောက်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ကို ချုပ်ဆိုထားသည်။

အင်တာနက်။

နိုင်ငံတကာ အားကစားသတင်း

ရီးယဲလ်မက်ဒရစ်အသင်းတွင်သာ ဆက်လက်ရှိနေဦးမည့် ဘရာဇီးတိုက်စစ်မှူး ကာကာ။

ဘလက်ဘန်းအသင်းက ခရစ်စတိုဖာဆမ်ဘာအား ရောင်းချမည်မဟုတ်ကြောင်း ပြောကြား

လန်ဒန် ဇန်နဝါရီ ၂၁

ဘလက်ဘန်းရိုဗာအသင်းသည် အသင်းခေါင်းဆောင် ခရစ်စတိုဖာဆမ်ဘာအား တရားဝင်အပြောင်းအရွှေ့ဆိုင်ရာ တောင်းဆိုမှုတစ်ရပ်ကို ကမ်းလှမ်းထားသော်လည်း ရောင်းချရန်ရည်ရွယ်ချက်မရှိကြောင်း အခိုင်အမာ ပြောကြားလိုက်သည်။

အသက်(၂၇)နှစ်အရွယ်ရှိ ခရစ်စတိုဖာဆမ်ဘာကမူ ၎င်းအား စပါးအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့က နောက်ခံအလယ်လူအဖြစ် ခေါ်ယူရန် စိတ်ဝင်စားနေသည်ဟူသော သတင်းများထွက်ပေါ်လာခြင်းနှင့်အတူ ၎င်းအနေဖြင့်လည်း အပြောင်းအရွှေ့နည်းလမ်းတစ်ခုကို ရှာဖွေလျက်ရှိကြောင်း အတိအလင်းပြောကြားခဲ့သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ▼

လေဒီဂါဂါ၏ Born This Way ဖောင်ဒေးရှင်း နောက်လတွင် ဖွင့်လှစ်မည်

ကမ္ဘာကျော်ဂွေကြယ်ပွင့် အမေရိကန် ပေါ့ပ်အဆိုတော် လေဒီဂါဂါ၏ Born This Way ဖောင်ဒေးရှင်းကို ဖေဖော်ဝါရီ ၂၉ ရက်တွင် ဟားဗက်ဒ်တက္ကသိုလ်၌ စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း အင်တာနက်သတင်းများတွင် ဖော်ပြသည်။

အဆိုတော်လေဒီဂါဂါက သူမ၏ ၂၀၁၁ ခုနှစ်အတွင်း အရောင်းရဆုံး တေးအယ်လ်ဘမ်နှင့် လူတကာနှုတ်ဖျားရေပန်းစားခဲ့သော Born This Way တေးသီချင်းခေါင်းစဉ်ကိုယူ၍ Born This Way ဖောင်ဒေးရှင်းကိုတည်ထောင်ကာ လူငယ်များ၏ အခွင့်အလမ်းနှင့် အရည်အချင်းကို မြှင့်တင်ပေးသွားမည်ဖြစ်သည်။ ယင်းဖောင်ဒေးရှင်းဖွင့်ပွဲကို ဟားဗက်ဒ်တက္ကသိုလ် ဆန်ဒါစ်ခန်းမ၌ အခမ်းအနားဖြင့် ဖွင့်လှစ်သွားမည်ဟုလည်း ဆိုသည်။

နိုင်ငံတကာ အနုပညာသတင်း

လေဒီဂါဂါ၏ Born This Way ဖောင်ဒေးရှင်းကို ဂါဂါ၏ မိခင် ဆင်သီယာ ဂျာမနော့တာက ကူညီပံ့ပိုးပေးသွားမည်ဖြစ်ပြီး ဂျာမနော့တာက လူငယ်လူရွယ်များကို ခေတ်သစ်ယဉ်ကျေးမှု၊ စိန်ခေါ်မှု၊ ရောင့်ရဲမှုနှင့် လုပ်ပိုင်ခွင့်များဖန်တီးပေးရာတွင် အကောင်းဆုံးနည်းလမ်းများဖြင့် ကူညီပေးနိုင်ရန် ဖောင်ဒေးရှင်းတည်ထောင်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ပြောပြသည်။

ဂျာမနော့တာက ကျွန်မသမီး၏ ဖောင်ဒေးရှင်းမှာ သူမ၏ အဖြူအမည်းအယူအဆ မည်သို့ပင်ကွဲပြားခြားနားစေကာမူ လူသားအချင်းချင်း အကြင်နာမေတ္တာအပြည့်အဝဖြင့် ပေါင်းသင်းဆက်ဆံစေလိုသည့် စိတ်စေတနာအရင်းခံမှ ပေါက်ဖွားလာခြင်းဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

လေဒီဂါဂါသည် ကြီးနိုင်ငယ်ညှဉ်း အနိုင်ကျင့်စော်ကားမှုကို ဆန့်ကျင်သူတစ်ဦးဖြစ်ပြီး ယင်းကိစ္စနှင့်ပတ်သက်၍ အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့်ပင် တွေ့ဆုံဆွေးနွေးခဲ့သူဖြစ်သည်။

အင်တာနက်။

ဖိလစ်ပိုင်နိုင်ငံ၌ ပန်းမျိုးစိတ်အသစ်တစ်မျိုး သိပ္ပံပညာရှင်များတွေ့ရှိ

ဆူမား ဇန်နဝါရီ ၂၁

ဖိလစ်ပိုင်နိုင်ငံ ကာဒါပူကျွန်းပေါ်၌ ရှားပါးသော Medinilla အမည်ရှိ ရုက္ခမျိုးရင်းဝင် ပန်းပင်မျိုးစိတ်သစ်တစ်မျိုး(အောက်ပုံ)**ကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဖိလစ်ပိုင်ဆိုင်ရာသမဂ္ဂ (အိုင်ယူစီအင်န်) က ဇန်နဝါရီ ၂၀ ရက်တွင် ပြောကြားခဲ့သည်။**

နိုင်ငံတကာ ရုက္ခသိပ္ပံသတင်း

အဆိုပါ ပန်းပင်မျိုးစိတ်သစ်ကို ၂၀၁၀ ခုနှစ် ဩဂုတ်လအတွင်း စတင်တွေ့ရှိခဲ့သော်လည်း ပန်းပင်မျိုးစိတ်သစ်မှန်ကန်ကြောင်း သက်သေပြရန်နှင့် မှတ်တမ်း တင်ရန်အတွက် လုပ်ငန်း အဆင့်ဆင့်ဆောင်ရွက်ရခြင်းကြောင့် သတင်းထုတ်ပြန်ချိန် နောက်ကျခဲ့ရကြောင်း အိုင်ယူစီအင်န် တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ကာဒါပူကျွန်း နာကာဆာလေကာ

ခရိုင်အတွင်း အိုင်ယူစီအင်န်၏ ကမကထပြုမှုဖြင့် ဇီဝမျိုးစုံမျိုးကွဲများကို ခန့်မှန်းတွက်ချက်မှုလုပ်ဆောင်မည့် Medinilla မျိုးရင်းဝင် ပန်းပင်မျိုးစိတ်သစ်အား တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အိုင်ယူစီအင်န်၏ အဆိုအရ လူသိများသော Medinilla မျိုးရင်းဝင် ပန်းပင်မျိုးစိတ် ၁၉၃မျိုးတို့သည် မဒါဂတ်စကားကျွန်း၊ အာဖရိက၊ တောင်အာရှနှင့် ပစိဖိတ်ကျွန်းစုဒေသများ၌ ရှင်သန်ပေါက်ပွားကြောင်း သိရသည်။

ဖိလစ်ပိုင်ကျွန်းနိုင်ငံ၌ Medinilla မျိုးရင်းဝင် ပန်းပင်မျိုးစိတ် ၁၁ မျိုးကိုသာတွေ့ရှိရပြီး ယင်းတို့အနက် Tagimoucia အမည်ရှိ ပန်းမှာ ဖိလစ်ပိုင်နိုင်ငံ၏ သင်္ကေတအမှတ်တံဆိပ်တစ်ခု ဖြစ်သည်။

အင်တာနက်။

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာဘာသာရပ်များ နေ့စဉ်ဖော်ပြမည်

နေပြည်တော် ဇန်နဝါရီ ၂၁

၂၀၁၂ ခုနှစ် မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာမေးပွဲအထောက်အကူပြု ဘာသာရပ်များကို ဇန်နဝါရီ ၂၃ ရက်မှစ၍ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့တွင် နေ့စဉ်ဖော်ပြသွားမည်ဖြစ်ပါသည်။

၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သင်ခန်းစာဘာသာရပ်များ နေ့စဉ်ဖော်ပြမည့်အစီအစဉ်

စဉ်	ဘာသာရပ်	ဖော်ပြမည့်နေ့
၁။	မြန်မာစာ	၂၃-၁-၂၀၁၂
၂။	စိတ်ကြိုက်မြန်မာစာ	၂၄-၁-၂၀၁၂
၃။	အင်္ဂလိပ်စာ	၂၅-၁-၂၀၁၂
၄။	သင်္ချာ	၂၆-၁-၂၀၁၂
၅။	ဓာတုဗေဒ	၂၇-၁-၂၀၁၂
၆။	ရူပဗေဒ	၂၈-၁-၂၀၁၂
၇။	ဇီဝဗေဒ	၂၉-၁-၂၀၁၂
၈။	ပထဝီဝင်	၃၀-၁-၂၀၁၂
၉။	သမိုင်း	၃၁-၁-၂၀၁၂
၁၀။	ဘောဂဗေဒ	၁-၂-၂၀၁၂

သ တ င် း အ ညွှ န် း

ပုန်းလျှိုးပျောက်ကွယ် အကြွေနယ်

"ငွေတန်ဖိုးအစား ကုန်ပစ္စည်းနှင့် ဖလှယ်သည့် ကျောက်ခေတ်သို့ ပြန်ရောက်သွားသည်ဟု ထင်မှတ်ရ"

စာတည်းရှုထောင့် စာမျက်နှာ - ၂

ရေဘေးဒဏ် ခံနေရသော တောင်အာဖရိကမှ ကရူဂါ အမျိုးသား ဥယျာဉ် ပြန်လည်ဖွင့်

"နှစ်စဉ်နှစ်တိုင်း ကမ္ဘာတစ်ဝန်းမှ ခရီးသွား ၁ ဒသမ ၃ သန်းတို့ လာရောက်လေ့ရှိ"

နိုင်ငံတကာသတင်း စာမျက်နှာ - ၄

နိုင်ငံတော်အစိုးရ၏ သတ်မှတ်ဈေးနှုန်း အတိုင်းသာ ထီလက်မှတ်များ ရောင်းချပါမှ ဥပဒေကို လေးစားရာရောက်

"ဥပဒေပါ အကြောင်းအရာများနှင့် အကျုံးဝင်နေပါက တရားစွဲဆိုခံရမည်"

ပြည်တွင်းသတင်း စာမျက်နှာ - ၈